# သမ္မာကျမ်းလာ
# သုံးပါးတစ်ဆူဩဝါဒ

သင်ခန်းစာ နှစ်

## သုံးပါးတစ်ဆူ၏ ညီညွတ်မှု

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 *Live Oaks Blvd., Casselberry, Florida* 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် *Good News Publishers* ၏ အမှုတော်တစ်ခုဖြစ်သော *Crossway* ၏ 2001 ခုနှစ် ထုတ် *ESV (English Standard Bible)* သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အမြားကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း *501 C (3)* အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ *www.thirdmill.org* သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း .......... 1
မေးခွန်း တစ် .......... 2
ခမည်းတော် .......... 6
မေးခွန်း နှစ် .......... 6
မေးခွန်း သုံး .......... 8
သားတော် .......... 11
မေးခွန်း လေး .......... 12
မေးခွန်း ငါး .......... 15
မေးခွန်း ခြောက် .......... 17
ဝိညာဉ်တော် .......... 20
မေးခွန်း ခုနစ် .......... 20
မေးခွန်း ၈ .......... 23
မေးခွန်း ကိုး .......... 27
နိဂုံးချုပ် .......... 29





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**သမ္မာကျမ်းလာ သုံးပါးတစ်ဆူဩဝါဒ**

သင်ခန်းစာ နှစ် သုံးပါးတစ်ဆူ၏ ညီညွတ်မှု

ဝိုင်းဖွဲ့ဆွေးနွေးခြင်း

ပါဝင်သူများ

ဒေါက်တာ ဒန်နီအကင်း

ဒေါက်တာ အူချေးအနီဇော

ဒေါက်တာ မက်ကာတာ

ဒေါက်တာမိုက်ဖာဘာရက်

ဒေါက်တာ စတိဗ်ဟာပါ

ဒေါက်တာ ဂျေစကော့ဟော်ရဲ

ဒေါက်တာကိသ်ဂျွန်ဆင်

ဒေါက်တာ လိုင်ချန်ကန်

ဒေါက်တာ ခရိတ်အက်စ်ကင်းနား

ဒေါက်တာ ဂလင်အာခရိတ်ဒါ

ဒေါက်တာ ရစ်ချတ်လင့်

ဒေါက်တာ ဂျက်ဖ်လိုးမင်း

ဒေါက်တာ ဂျွန်မက်ကင်လေ

သိက္ခာတော်ရ ဒေါက်တာအီမဒ်အေမီခေးလ်

သိက္ခာတော်ရ မိုက်အော့စဘွန်း

ဒေါက်တာ မာ့အယ်လလ်စထရောက်

ဒေါက်တာ ကေအီရစ်သော်နီး

ဒေါက်တာဒဲရက်သောမတ်

ဒေါက်တာ ပီတာဝေါ့လ်ကာ

ဒေါက်တာ ဒန်နီယယ်ဘီဝေါလေ့စ်

# နိဒါန်း

---

ခရစ်ယာန်တို့သည် ဘုရားတစ်ဆူတည်းကိုသာကိုးကွယ်သော သုံးပါးတစ်ဆူသမားများ ဖြစ်ကြကြောင်း ပြီးခဲ့သည့်သင်ခန်းစာထဲ ကျွန်ုပ်တို့တွေ့ခဲ့ကြသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့သည် ဖန်ဆင်းခံမဟုတ်သော ပုဂ္ဂိုလ်များဖြစ်ကြပြီး ဖန်ဆင်းခံမဟုတ်သည့် တစ်ပါးတည်းသောဖန်ဆင်းရှင်အဖြစ် ဇာတိအနှစ်သာရတစ်ခုတည်း၌ တည်ရှိနေကြောင်း ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ဘုရားသည် တစ်ဆူထက်မက ရှိသည်ဟုယုံကြည်သော ဘုရားအများကိုးကွယ်သူများနှင့် ကျွန်ုပ်တို့ ကွဲပြားခြားနားကြသည်။ ခမည်းတော်ဘုရားသာလျှင် တစ်ဆူတည်းသော၊ ဖန်ဆင်းခံမဟုတ်သောဘုရားဖြစ်ကြောင်း သွန်သင်သည့် ပုဂ္ဂိုလ်ဘုရားတစ်ပါးတည်းကိုးကွယ်သူများနှင့်လည်း ကျွန်ုပ်တို့ ကွဲပြားခြားနားကြသည်။ သို့သော် ခရစ်ယာန်များမှာမူ သုံးပါးတစ်ဆူကို နေရာမရွေးသွန်သင်နေလွန်းရကား တခါတရံ ဤဩဝါဒအား ကျမ်းစာမှမည်သို့ရယူခဲ့သည်ကိုပင် မသိဘဲခံယူလိုက်တတ်ကြသည်။ သို့ဖြစ်၍ ကျမ်းစာထဲသုံးပါးတစ်ဆူကို မည်သို့ဖော်ထုတ်ရကြောင်းသင်ယူခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို နားလည်စေသည့်နည်းလမ်းကောင်းတစ်ခု ဖြစ်သည်။

ဤအရာသည် *သမ္မာကျမ်းလာသုံးပါးတစ်ဆူဩဝါဒ* အကြောင်း ကျွန်ုပ်တို့၏ လေ့လာမှုထဲမှ ဒုတိယမြောက်သင်ခန်းစာဖြစ်ပြီး "သုံးပါးတစ်ဆူ၏ ညီညွတ်မှု" ဟု ကျွန်ုပ်တို့ခေါင်းစဉ်ပေးထားပါသည်။

ဤသင်ခန်းစာထဲတွင် သုံးပါးတစ်ဆူအဖွဲ့ဝင်အားလုံးသည် ဇာတိအနှစ်သာရတစ်ခုတည်း၌ ညီညွတ်မှုရှိကြောင်း ကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့လေ့လာကြပါမည်။

## မေးခွန်း တစ်

## သုံးပါးတစ်ဆူသည် ဓမ္မဟောင်းမှာထက်ဓမ္မသစ်မှာ အဘယ်ကြောင့် ပိုမိုရှင်းလင်းစွာဖော်ပြထားပုံရပါသနည်း။

ကျွန်ုပ်တို့သိသည့်အတိုင်း ဘုရားသခင် တစ်ဆူတည်းရှိကြောင်း၊ ဇာတိအနှစ်သာရ တစ်ခုတည်းရှိကြောင်း၊ သုံးပါးတစ်ဆူအဖွဲ့ဝင်အားလုံးသည် တန်းတူညီမျှပြီး ဘုရားဇာတိအပြည့်အဝရှိကြောင်း သုံးပါးတစ်ဆူဩဝါဒက သွန်သင်ထားသည်။ သို့သော် ဤကျမ်းစာမှန်ကန်မှုအား ဓမ္မဟောင်း၌ အပြည့်အဝ၊ ရှင်းလင်းပြတ်သားစွာ ဖွင့်ပြထားခြင်းမရှိပါ။ ထိုအစား သုံးပါးတစ်ဆူဩဝါဒ၏ အများပိုင်းသည် ဓမ္မသစ်မှသာ ရောက်လာကြသည်။ ဤမှန်ကန်မှုအရ ဓမ္မဟောင်းက မှားယွင်း သို့မဟုတ် ယုတ်နိမ့်နေသည်ဟု မဆိုလိုပါ။ သို့သော် ဓမ္မဟောင်းသည် ပြီးပြည့်စုံမှုမရှိသေးသောဗျာဒိတ်ဖွင့်ပြချက်ဖြစ်ကြောင်း ကျွန်ုပ်တို့သိမှတ်သင့်ပါသည်။ ဘုရားသခင်သည် မိမိကိုယ်မိမိ တစ်ချိန်တည်းမှာ အလုံးစုံကို ဖော်ပြခြင်းမရှိပါ။ ထို့ကြောင့် ကျမ်းစာထဲသုံးပါးတစ်ဆူညီညွတ်မှုကို ကျွန်ုပ်တို့ ရှာကြသည့်အခါ ရိုးရှင်းသောမေးခွန်းတစ်ခုနှင့် အစပြုခြင်းက အထောက်အကူဖြစ်စေပါသည်။ သုံးပါးတစ်ဆူသည် ဓမ္မဟောင်းမှာထက်ဓမ္မသစ်မှာ အဘယ်ကြောင့် ပိုမိုရှင်းလင်းစွာဖော်ပြထားပုံရပါသနည်း။

ဒေါက်တာ ဒန်နီအကင်း

သမ္မာကျမ်းရင်းဝင်စာစောင်များတလျှောက်နှင့် ဓမ္မသစ်အတွင်း ဝင်ရောက်ရင်း ကိုယ်တော်မည်သူဖြစ်သည်၊ လုပ်ငန်းမည်သို့လုပ်ဆောင်သည်ဆိုသည်တို့ကို ဘုရားသခင်တိုးတက်ဖွင့်လှစ်ဖော်ပြရာ ကျွန်ုပ်တို့အခေါ် "တိုးတက်ဖွင့်လှစ်ဖော်ပြချက်" အားဖြင့် သုံးပါးတစ်ဆူအသိပေါ်ပေါက်ရကြောင်း ကျွန်ုပ်တို့သိမှတ်ရန်လိုပါသည်။ အကျိုးရလာဒ်အားဖြင့် သာဓကအနေနှင့် ဓမ္မဟောင်းစကားစုဖြစ်သည့် "ဘုရားသခင့်ဝိညာဉ်တော်" ကို သင်ဆင်ခြင်လျှင် ခမည်းတော်ဘုရားဟု ပြောဆိုမှုကြား အခြေခံကျကျ အဆက်အစပ်မရှိသည့် အနေအထားတစ်ခု ကြိုးစားဖန်တီးရန် အကြောင်းမရှိနေပါ။ ဘုရားသခင့်ဝိညာဉ်တော်ဟု သင်ပြောလျှင် ဘုရားသခင်အကြောင်းကို သင်ပြောနေခြင်းဖြစ်သည်။ ယခုတွင် ဓမ္မသစ်ဗျာဒိတ်ဖွင့်ပြချက်အရ ကျွန်ုပ်တို့ပိုမိုသိရှိလာရသည့် သုံးပါးတစ်ဆူ၏ တတိယပုဂ္ဂိုလ်အကြောင်း သင်ပြောနေခြင်းဖြစ်သည်။ သို့သော် ဓမ္မသစ်အတွင်း ရှင်မဿဲ ၂၈ပါ

မဟာစေခိုင်းချက် ကျမ်းစာသား၊ သို့မဟုတ် ဖေက် ၄၏ ပထမအခန်းငယ် ၆ ခုလို သုံးပါးတစ်ဆူကျမ်းချက်များမှာ ပိုမိုပြည့်စုံစွာ ဖွင့်ပြထားသည့်အတိုင်း ခမည်းတော် သို့မဟုတ် သားတော်အကြောင်း သင်ပြောနေသည်ဆိုပါက၊ ဘုရားသခင်အား ဓမ္မဟောင်းထဲက ဘုရားသခင့်ဝိညာဉ်တော်အဖြစ် သင်ပြောနေသလောက် ဘုရားသခင့်အကြောင်း သင်ပြောနေဆဲပင် ဖြစ်ပေသည်။ အလွန်ရှင်းလင်းသော ထုပ်ပိုးမှု တစ်ခုအတွင်း သုံးပါးလုံးကို ပေါင်းစည်းထားရာ ၂ကောရိန္သု ၁၃ လို နေရာအများအပြားရှိသည်။ ထုပ်ပိုးမှု စကားလုံးသည် အကောင်းဆုံးမဖြစ်နိုင်သော်လည်း အလုပ်ဖြစ်ပါလိမ့်မည်။ သို့တစေ ၎င်းအား မတူသောနည်းအမျိုးမျိုးဖြင့် ဓမ္မဟောင်းမှာ ဖော်ပြထားသည်။

## ဒေါက်တာ မက်ကာတာ

သမိုင်းတလျှောက် ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ပို၍ နီးကပ်လာအောင် တိုး၍ ရွေ့လျားလာနေသည်။ ဓမ္မဟောင်းတွင် ဘုရားသခင်သည် ကျွန်ုပ်တို့မှတပါး အခြားဖြစ်ခဲ့ပြီး ကျွန်ုပ်တို့၏ အထက်မှာရှိခဲ့သည်။ မိုးတိမ်တိုင်၊ မီးလောင်သောချုံတို့၌ ကျွန်ုပ်တို့ကို စကားပြောခဲ့သည်။ ထိုနည်းလမ်းဖြင့် ကျွန်ုပ်တို့ကိုပြောဆိုခဲ့သလိုလိုရှိသည်။ သို့သော် အလှမ်းကွာမှုရှိနေခဲ့သည်။ မည်သို့ဆိုစေ ဓမ္မသစ်ကာလ၌ ယေရှုအားဖြင့် ကျွန်ုပ်တို့ထံ ဘုရားသခင် ခြေတလှမ်းတိုးလာခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့မှတပါး အခြားသူဖြစ်ခဲ့ရုံမျှမက ကျွန်ုပ်တို့အတွင်းမှာ တည်တော်မူခဲ့သည်။ နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံယူ၍ ကျွန်ုပ်တို့၌ တည်နေတော်မူကြောင်း ရှင်ယောဟန်က ကျွန်ုပ်တို့ကို ပြောခဲ့သည်။ မည်သို့ဆိုစေ အသင်းတော်ကာလတွင် ထိုထက်ပိုနီးကပ်လာအောင် ဘုရားသခင်ရွေ့တဆင့်တက်ခဲ့သည်။ ဓမ္မဟောင်းမှာလို ဘုရားသခင်သည် ကျွန်ုပ်တို့မှတပါး အခြားဖြစ်ပြီး ကျွန်ုပ်တို့အထက်မှာရှိသည်ဟု၎င်း၊ ဓမ္မသစ်ကာလမှာလို ယေရှု၌ ကျွန်ုပ်တို့နှင့်အတူ တည်တော်မူခြင်း မရှိတော့ပါဟု၎င်း ကျမ်းစာကမပြောပါ။ သို့သော် ယခုတွင် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပိုနီးကပ်အောင် ရွေ့တဆင့်တက်ပြီး ကျွန်ုပ်တို့အထဲမှာ ယခု ရှိနေကြောင်း ကျမ်းစာကပြောဆိုသည်။ သို့ဖြစ်ပါက ထိုအချက်မှ သွယ်ဝိုက်ရရှိချက်တို့သည် မယုံနိုင်စရာဖြစ်ကြသည်။ ကျွန်ုပ်တို့အထဲမှာ ကျိန်းဝပ်နေသည့် အသက်ရှင်သောဘုရား၏ တန်ခိုးသည် ကျွန်ုပ်တို့မှာ ရှိနေသည်။ ကျွန်ုပ်တို့အထဲမှာ ကျိန်းဝပ်နေသည့် ရှင်ပြန်ထမြောက်သောယေရှု၏ တန်ခိုးသည် ကျွန်ုပ်တို့မှာရှိနေသည်။ ထိုအချက်မှာသာ ယုံကြည်သူတို့ နေ့စဉ်စိတ်ရောက်နေလျှင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်ယုံကြည်ခြင်းတရားသည် သင့် နေ့စဉ်အသက်ရှင်မှု လက္ခဏာဖြစ်ရုံမက သင့်အတွင်းမှာရှိသည့် သင်ပိုင်ဆိုင်သည့်တန်ခိုးလည်း ဖြစ်ပေသည်။ ကျွန်ုပ်တို့ထံကြွလာပြီး ဤမြေပေါ်ရောက်လာချိန်၌ သူပြုသည်ထက်ပင် ပိုကြီးသောအမှုတို့ကို ကျွန်ုပ်တို့အားပြုခွင့်ပေးမည့် ဥပဇ္ဈယ်ဆရာအကြောင်း အကြိမ်ကြိမ် ယေရှုပြောဆိုခဲ့သည်။ ထိုအချက်သည် အံ့ဖွယ်ကောင်းလှသည့် ရိုက်ခတ်မှုများစွာကိုပေးနေသည်။ ကျွန်ုပ်၏ တစ်ကိုယ်ရည်ဘဝနှင့် ယုံကြည်သူတို့၏ နေ့စဉ်ဘဝများ၌ ကျွန်ုပ်အထဲရှင်သန်နေသည့်ယေရှု၏ ထမြောက်ခြင်းတန်ခိုးဆီ အားလုံးစိတ်ရောက်နေသည်ကို ကျွန်ုပ်တွေ့ချင်စမ်းလှသည်။

## ဒေါက်တာ ဂျေစကော့ဟော်ရဲ

ဓမ္မဟောင်း၌ ဘုရားသခင်နှင့်ကွဲပြားခြားနားသော ဤဘုရားသခင့်သဘောမျိုးကို အခါများစွာ သင်တွေ့ရသည်မှာ အမှန်ပင်ဖြစ်သည်။ ဘုရားသခင့်နှုတ်ကပတ်တော် "ဒါဗား ရ်" သည် ဘုရားသခင့်ထံတော်မှ ထွက်လာပြီး ဖန်ဆင်းခြင်းအမှုကိုပြုကြောင်း သင်တွေ့ရသည်။ တခါတရံတွင် ဘုရားသခင်ကဲ့သို့ မိန့်ဆိုသော ထာဝရဘုရားသခင်၏ ကောင်းကင်တမန်ကို သင်တွေ့ရသည်။ အခြားသောအခါများတွင်မူ လုံးလုံးမရှင်းလင်းသော်လည်း ဘုရားသခင်နှင့် မကြာခဏ ကွဲပြားမှုရှိသည်။ ဘုရားသခင့် ဝိညာဉ်တော် ထွက်သွားသည်ကို သင်တွေ့ရသည်။ သို့သော် ယင်းတို့ရှိသမျှသည် သိမ်မွေ့သောသြဇာများဖြစ်ကြပြီး ဓမ္မသစ်ကို ကျွန်ုပ်တို့လေ့လာ၍ ယေရှုခရစ်တော်၏ ဗျာဒိတ်ဖွင့်ပြချက်အပြည့်အစုံကို ရရှိသည့်အခါ ဓမ္မဟောင်းအား ကျွန်ုပ်တို့ မည်သို့ဖတ်ရမည်ကို ထိုအရာတို့က စတင် ဖြည့်ဆည်းပေးကြသည်။ ကျွန်ုပ်အထင် လုကာ အခန်းကြီး ၂၄ က မှတ်သားဖွယ်ရာဖြစ်သည်။ ဧမောက်အသွားလမ်း၌ တပည့်တော်နှစ်ဦးကို ယေရှုစကားပြောနေပြီး ကျမ်းစာကို သူဖွင့်ပြသည်။ ပညတ္တိကျမ်း၊ ပရောဖက်ကျမ်း၊ ဆာလံကျမ်းအတွင်း သူ့အကြောင်း ပြောဆို၊ သွန်သင်ချက်ထားချက်ကို သူတို့အား ရှင်းပြသည့်အခါ သူတို့စိတ်နှလုံးအတွင်း အလင်းဓာတ်ရကြသည်။ ယခုတွင် ယခင်ထက် ပိုမိုရှင်းလင်းစွာ ကျွန်ုပ်တို့ သိမြင်ကြပြီဖြစ်သည်။ ထိုအရာသည် သားတော်အတွက် မှန်ကန်ပါက သန့်ရှင်းသောဝိညာဉ်တော်အတွက်လည်း မှန်ကန်ပါပေသည်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်မည်သူဆိုသည်ကို ဓမ္မသစ်က အထူးသဖြင့် ဖွင့်ပြသည်ဖြစ်၍ ယခုကာလ ဘုရားသခင့် ထာဝရသားတော်ကဲ့သို့ ရှင်းရှင်းလင်းလင်း မရှိသည့်တိုင် ဓမ္မသစ်တွင် ဝိညာဉ်တော်၏ ကွဲပြားခြားနားမှုကို ကျွန်ုပ်တို့ ပို၍ပို၍

> တွေ့လာသည်နှင့်အမျှ ထိုအရာသည် သန့်ရှင်းသောဝိညာဉ်တော်အတွက်လည်း မှန်ကန်ပါပေသည်။ သို့ဖြစ်၍ ယခုရှိနေသည့် ခမည်းတော်နှင့် သားတော်ကို သာမက သန့်ရှင်းသောဝိညာဉ်တော်ကိုပါ နားလည်ရန် ပုံကြီးချဲ့ပေးမည့် ကျမ်းရင်းတစ်ခု ကျွန်ုပ်တို့မှာ ရှိနေပါသည်။ သို့ဖြစ်၍ ဓမ္မဟောင်းမှ ဘုရားသခင်သည် ဓမ္မသစ်မှာကဲ့သို့ အတူတူသာဖြစ်သောကြောင့် အမှန်စင်စစ် သုံးပါးတစ်ဆူသည် သမ္မာကျမ်းရှိသမျှ၏ ကျောရိုးဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။ တဖန် ဓမ္မဟောင်းသည် သဲများ၊ မြေစာများအောက်မှာ အများအားဖြင့်ရှိနေပြီး ရံဖန်ရံခါသာ မျက်နှာပြင်ပေါ်လာတတ်သဖြင့် "ငါတို့ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းကြစို့" ကဲ့သို့သောစကားစုများအား ကျွန်ုပ်တို့ မည်သို့နားလည်သင့်သည်နှင့် စပ်လျဉ်းပြီး ဓမ္မဟောင်းကို အလင်းဖွင့်ပေးသည်မှာ ဓမ္မသစ်ပင်ဖြစ်သည်။ သို့သော် ထိုသို့သောကျမ်းပိုဒ်များကို မောရှေရေးစဉ်က သုံးပါးတစ်ဆူအကြောင်း သူတွေးနေခဲ့ပါသလား။ မဟုတ်သည်မှာ သေချာသလောက်ရှိပါသည်။ သို့သော်တစ်ချိန်တည်းမှာပင် သမ္မာကျမ်းစာကို ပူးတွဲရေးသားသူမှာ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်သည့်အလျောက် တစ်ဆူတည်းသောဘုရားအတွင်း အဓိပ္ပာယ်နှစ်ခွဆောင်သည့်အများကိန်းအဖြစ် ပြောဆိုသည့် ဓမ္မဟောင်းမှ အဆိုပါ သိမ်မွေ့မှုများအား ဓမ္မသစ်ရောက်လာချိန်၌ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်စသည်ဖြင့် အံ့သြဖွယ်ရာဖွင့်ပြသည်။

ကျမ်းစာအတွင်း သုံးပါးတစ်ဆူညီညွတ်မှုကို ဝန်ခံသိမှတ်ရန်အတွက် ခမည်းတော်ဘုရားသခင်အကြောင်း ကျမ်းစာသွန်သင်ချက်ကို ဦးစွာ ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ဒုတိယအားဖြင့် သားတော်၌ ဘုရားဇာတိ အပြည့်အဝရှိကြောင်း ကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့လေ့လာကြပါမည်။ ထို့နောက် တတိယအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဇာတိအပြည့်အဝရှိကြောင်း ကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ခမည်းတော်အကြောင်း ကျမ်းစာသွန်သင်ချက်ကို ဦးစွာကြည့်ကြပါစို့။

# ခမည်းတော်

ခမည်းတော်သည် ဖန်ဆင်းခံမဟုတ်ကြောင်း၊ ဘုရားဇာတိအပြည့်အဝရှိကြောင်း ကျမ်းစာ၌ အလွန်တရာ ရှင်းလင်းနေသည်။ ကျမ်းစာထဲ ဆာလံ ၆၈း၅၊ ၈၉း၂၆၊ ယောဟန် ၈း၅၄၊ ရောမ ၁၅း၆ လို နေရာများစွာမှာ ဤအရာကို ကျွန်ုပ်တို့တွေ့နိုင်သည်။

## မေးခွန်း နှစ်

### ကျမ်းစာက ဘုရားသခင်ကို ကျွန်ုပ်တို့၏ အဖဟု အဘယ်ကြောင့်ခေါ်ဆိုပါသနည်း။

ဘုရားသခင်ကို ကျွန်ုပ်တို့၏ အဖဟု ကျမ်းစာကခေါ်ဆိုထားကြောင်း လုံးဝ သံသယမရှိပါ။ ဘုရားသခင်ကို ကျွန်ုပ်တို့၏ အဖဟု ခေါ်ဆိုခြင်းဖြင့် သူဖန်ဆင်းခံ၊ သူ့လူများနှင့် ထားရှိသည့် ဘုရားသခင့် အထူးဆက်နွယ်မှုအကြောင်းကို ကျမ်းစာက မီးမောင်းထိုးပြသည်။ "ဖခင်" ဟူသည့် ကျမ်းအသုံးအနှုန်းသည် သုံးပါးတစ်ဆူအတွင်းမှ အခြားသောပုဂ္ဂိုလ်များနှင့် ခမည်းတော်၏ အထူးဆက်နွယ်မှုကိုလည်း မီးမောင်းထိုးပြသည်။ ကျမ်းစာက ဘုရားသခင်ကို ကျွန်ုပ်တို့၏ အဖဟု အဘယ်ကြောင့်ခေါ်ဆိုပါသနည်း။

#### ရစ်ချတ်လင့်

ဘုရားသခင့်သဘောသဘာဝနှင့် ကျွန်ုပ်တို့ထံ ဘုရားသခင့် ဆက်နွယ်မှုတို့အကြောင်း အခြေခံကျကျအရေးပါသည့် အရာတစ်ခုကို ဆက်သွယ်ပြောဆိုရာ နည်းလမ်းတစ်ခုအနေဖြင့် ဘုရားသခင်အား ကျွန်ုပ်တို့၏ "အဖ" ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ဖြစ်သော ကိုယ်တော်သည် အဖွဲ့အစည်းအတွင်း ဆက်နွယ်မှုများ၌ ကျွန်ုပ်တို့ကို ဖန်ဆင်းသောသူဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား လူယောကျာ်း၊ လူမိန်းမအဖြစ် ဖန်ဆင်းသည်။ ကျွန်ုပ်တို့နေထိုင်ရန် ကိုယ်တော်ဒီဇိုင်းချထားသည့် ပုံစံ၏အပိုင်းကဏ္ဍအဖြစ် ဤလူသားမိသားစုအိမ်ထောင်ကို သူဖန်ဆင်းသည်။ ထို့နောက် မိသားစုတည်ဆောက်ပုံတည်းဟူသော ဤတည်ဆောက်ပုံကို အဓိပ္ပာယ်ပြည့်ဝစေသည့် အသုံးအနှုန်းမျိုးဖြင့် ကိုယ်တော်၏ ကိုယ်ပိုင်ဆက်နွယ်မှုကို ကျွန်ုပ်တို့ထံ ဆက်သွယ်ပြောကြားသည်။ သို့သော် လူယောကျာ်းနှင့် လူမိန်းမကို အိမ်ထောင်ဆက်နွယ်မှုအဖြစ် ဖန်ဆင်းရာ၌ ဒီဇိုင်းတစိတ်တဒေသဖြစ်သည့် ဤလူသားမိသားစုတစ်ခုကို ဖန်ဆင်းခြင်းသည်

ဘုရားသခင့်မိသားစုကို တနည်းတဖုံ ထင်ဟပ်ပြနေသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်ကြသည်။ ထို့ကြောင့် ဘုရားသခင့်ဖြစ်တည်မှု၊ ဘုရားသခင့် စာရိတ္တတို့အတွက် အလွန်ပင် အရေးပါလှသည့် အသိုင်းအဝိုင်းဆိုင်ရာဆက်နွယ်မှုသည် ကျွန်ုပ်တို့ တစ်ဦးချင်း အချင်းချင်းဆက်နွယ်သည့် ပုံစံ၌ ထင်ဟပ်နေသည်။ ထို့ကြောင့် "ခမည်းတော်" ဆိုသည့် ဤအသုံးအနှုန်းသည် တနည်းတလမ်းအားဖြင့် ဥပမာတင်စားချက်တစ်ခုလည်း ဖြစ်သည်။ သို့သော် ဥပမာတင်စားချက်တစ်ခုထက်လည်းမကပါ။ ကျွန်ုပ်တို့အား ကိုယ်တော်ဖန်ဆင်းပုံကို ထင်ဟပ်သည့် ဘုရားသခင့် သစ္စာသံယောဇဉ်သည်လည်း ထာဝရကာလ ဘုရားသခင်ရှင်သန်နေရာ တကယ့်အဖွဲ့အစည်း၏ တစိတ်တဒေသလည်းဖြစ်သည်ဆိုသည့် အမှန်တရားကို ဆက်သွယ်ပြောကြားနေသည်။

## ဂျက်ဖ်လိုမင်း

ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့မှာရှိသည့် အကြီးမြတ်ဆုံး အခွင့်အရေးတစ်ခုမှာ ဘုရားသခင်အား "အဖ" ဟု ခေါ်နိုင်စွမ်းပင်ဖြစ်သည်။ ၎င်းကကျွန်ုပ်တို့ကို နားလည်လွယ်စေသည့်အရာမှာ ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့အတွက် ခရစ်တော်ပြုပေးသည့် ကြီးမားသည့် အမှုဖြစ်သည်။ ထို့ပြင် ဓမ္မဟောင်းကို သင်ကြည့်ပါက ဓမ္မဟောင်းမှာ သူ့လူတွေကို ဘုရားသခင်ပေးခဲ့သည့် အမည်နာမများကို သင်တွေးဆနိုင်ပြီး ထို့နောက်တွင် "ဖခင်" ဆိုသည့် နာမတော်ကိုသင်တွေးဆ၍ ရသည်။ ဓမ္မဟောင်းမှာ ကျွန်ုပ်တို့တွေ့ရသည့် ပထမဆုံးနာမတော်မှာ "အီလိုဟင်" ဖြစ်ပြီး ကိုယ်တော်သည် ဖန်ဆင်းရှင်၊ အလုံးစုံတတ်စွမ်းနိုင်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။ နောက်နာမတော်မှာ "အဲလ်ရှတ်ဒိုင်း" ဖြစ်ပြီး လူမျိုးစုခေါင်းဆောင်များသို့ အမှန်ပင် ပေးခဲ့သည့်နာမဖြစ်သည်။ ၎င်းအားဖြင့် အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်ကြောင်း ရည်ညွှန်းသည်။ သို့သော် အနန္တတန်ခိုးရှင်ဖြစ်ရုံမျှမဟုတ်၊ သူ့လူမျိုးအတွက် တန်ခိုးကြီးကြောင်းနှင့် သူ့လူမျိုးနှင့် နှောင်ဖွဲ့ထားကြောင်းကိုပါ ပြသသည်။ ထိုမျှမက ဘုရားသခင်အတွက် ကြီးမြတ်သော နာမကိုလည်း သင်တွေ့ရသည်။ ထိုနာမတွင် YHWH ဆိုသည့် ဟေဗြဲအက္ခရာလေးလုံး ပါရှိသည်။ ၎င်းသည် ဘုရားသခင်၏ သန့်ရှင်းသောနာမဖြစ်သည်။ "ငါဖြစ်သည့်အတိုင်း ငါဖြစ်၏" ဟုဆိုလိုသည်။ ၎င်းသည် လူတို့ရှေ့မှောက်၌ အလွန်ပင် သန့်ရှင်းရကား အသံထွက်၍ စာလုံးပေါင်းခြင်းကိုပင် သူတို့မပြုလုပ်ကြပေ။ သို့ဖြစ်ပါက ဆာလံများအတွင်း "နာမတော်သည် မင်္ဂလာရှိပါစေသော" ဟု ဆာလံဆရာ

ပြောဆိုသည်ကို မကြာခဏ သင်ကြားဖူးပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ
သန့်ရှင်းသောဝိညာဉ်တော် မှုတ်သွင်းသည့် အောက်ဖ်ပြင်လျှင် နာမတော်ကို
တကယ်တမ်းရွတ်ဆိုရန် နှုတ်ဝန်လေးနေ၍ ဖြစ်သည်။ ထိုသို့သောအားဖြင့်
ဓမ္မဟောင်းမှ ဘုရားသခင့်နာမတော်သည် အလွန်ပင် သန့်ရှင်းရကား
၎င်းအားမည်သို့အသံထွက်ရမည်ကိုပင်သူတို့မေ့သွားကြသည်။
ဗျည်းများမှာပါသည့် သရများကိုပင် သူတို့မေ့သွားကြသည်။ သို့တစေ ဓမ္မသစ်သို့
ရောက်လာသည့်အခါ လုံးလုံးပြောင်းလဲမှုတစ်ခုကို ကျွန်ုပ်တို့တွေ့ရသည်။
ထိုပြောင်းလဲမှုအား ခရစ်တော်၏ ရွေးနုတ်ခြင်းအလုပ်က ဖြစ်ပေါ်စေသည်။
သာဓကအားဖြင့်အသေအချာဆိုရလျှင် အသန့်ရှင်းဆုံးဌာနထဲက
ကန့်လန့်ကာကွဲသွားပြီး ကားတိုင်ပေါ်က ခရစ်တော်၏ယဇ်အားဖြင့်
ခမည်းတော်ထံချဉ်းကပ်လမ်းသည် ယခုချက်ခြင်းအပြည့်အဝရပြီဖြစ်ကြောင်း
ဘုရားသခင်မိန့်ဆိုနေခြင်းဖြစ်သည်။ သို့ဖြစ်ပါက အမှန်စင်စစ်
ခရစ်တော်လုပ်ဆောင်နေသည်မှာ ခမည်းတော်ဘုရားကို "အဖ" ဟု
သူခေါ်ဆိုသည့်အတိုင်း ခမည်းတော် ဘုရားသခင်အား အဖဟု ကျွန်ုပ်တို့
ခေါ်ဆိုတတ်ဖို့ ကျွန်ုပ်တို့ကို သူသွန်သင်နေခြင်းဖြစ်သည်။
ကျွန်ုပ်တို့သည်သူ့သားသမီးများဖြစ်သည့်အတိုင်း
ကိုယ်တော်နှင့်အတူအမွေခံမည့်သူများဖြစ်ကြောင်း၊ "အဖ" ဟု
သားတော်ကခေါ်ဆိုသလိုအလားတူအခွင့်အရေးမျိုး ကျွန်ုပ်တို့မှာရှိကြောင်း
ကျွန်ုပ်တို့ကို သူသွန်သင်နေခြင်းဖြစ်သည်။ ဘုရားသခင်ကို "အဖ" ဟု
ကျွန်ုပ်တို့ခေါ်ဆိုခွင့်ရခြင်းသည် အလွန်တရာကြီးမားလှသည့်
အခွင့်အရေးကြီးဖြစ်သလို တာဝန်ကြီးတရပ်လည်း ဖြစ်သည်။

## မေးခွန်း သုံး

## ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တိုင်ကျွန်ုပ်တို့၏ ဖခင်ဖြစ်နေသည့် ဘုရားသခင့် မိသားစု၏ အဖွဲ့ဝင်များဖြစ်သည်ဆိုသည့်အချက်မှ မည်သည့်ခွန်အားပေးချက်မျိုးကို ကျွန်ုပ်တို့ထုတ်ယူနိုင်ပါသနည်း။

ဘုရားသခင်သည် တရားမျှတ၍ အနန္တတန်ခိုးနှင့်ပြည့်စုံပြီး ဖန်ဆင်းခြင်းရှိသမျှ၏ အဖဖြစ်သည်။ ကျွန်ုပ်တို့၏ အပြစ်များကြောင့် ကိုယ်တော်၏ ထာဝရ အမျက်တော်ကို ကျွန်ုပ်တို့ခံယူရန် တရားမျှတစွာ ကိုယ်တော်စီရင်ပိုင်ခွင့် ရှိပါသည်။ သို့သော် ကျွန်ုပ်တို့အား လိုလားနှစ်သက်စွာ ချစ်မြတ်နိုးပြီး အပြစ်မှလွတ်လျက် ဖြောင့်မတ်ရာ၌ တည်စေပြီးသကာလ ကိုယ်တော်၏ သားသမီးရင်းချာများအဖြစ် ကျွန်ုပ်တို့အား မွေးစားခဲ့ပြီးဖြစ်သည်။ ဆိုလိုရင်းမှာ ထာဝရသားတော်ဘုရား၏ ဖခင်မျှသာမဟုတ်၊ *ကျွန်ုပ်တို့၏ အဖ*လည်း ဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့သည် ပစ္စုပ္ပန် ဝိညာဉ်ကောင်းချီးမှန်သမျှနှင့်

အနာဂတ် ကောင်းကင်သစ် မြေကြီးသစ်မှာ ခံစားရန်ရှိသမျှကို အမွေဆက်ခံသူများ ဖြစ်နေကြသည်။ အဆိုပါ ကြီးမြတ်သည့် ကောင်းချီးများအား မြေကြီးပေါ်မှာကိုယ်တော်၏ နိုင်ငံတော်ကျယ်ပြန့်စေရန် ဦးစားပေးသော ကမ္ဘာတလွှားရှိ သူ့သားသမီးတစ်ဦးချင်းစီခံစားခွင့် ရရှိဖို့ ကိုယ်တော်တတ်နိုင်သလို စေတနာလည်း ရှိတော်မူပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ တန်ခိုးကြီးသော၊ ကျွန်ုပ်တို့ချစ်မြတ်နိုးသည့်ဖခင်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်နှင့် ကျွန်ုပ်တို့ကြား အလွန်နီးကပ်ပြီး ထာဝရတည်သော ဆက်သွယ်မှုမျိုး ရှိကြသည်။ ဤအရာသည် ကောင်းချီးမှန်သမျှထဲမှာ အကြီးမြတ်ဆုံးဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တိုင်ကျွန်ုပ်တို့၏ ဖခင်ဖြစ်နေသည့် ဘုရားသခင့် မိသားစု၏ အဖွဲ့ဝင်များဖြစ်ကြသည် ဆိုသည့်အချက်မှ မည်သည့်ခွန်အားပေးချက်မျိုးကို ကျွန်ုပ်တို့ထုတ်ယူနိုင်ပါသနည်း။

### ဒေါက်တာ ကေ အီရစ်သော်နီး

သူ့မိသားစုထဲကျွန်ုပ်တို့ကို မွေးစားယူခဲ့သည် ဆိုသည့်အချက်ကို စဉ်းစားမိခြင်းထက် ခွန်အားရသည့်အချက် *မရှိ*ပါ။ တရားရှင်၏ ခွင့်လွှတ်ခြင်းခံရရုံမကပါ။ ဘုရားသခင့်မိသားစုထဲ ကျွန်ုပ်တို့ကိုမွေးစားယူခြင်းဖြစ်၍ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖခင်ဖြစ်တော်မူပြီး ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏ သားသမီးများဖြစ်ကြသည်။ သို့ဖြစ်လျှင် ထိုအချက်သည် ကျွန်ုပ်တို့စိတ်ကူးနိုင်သမျှထဲမှာ အကြီးမြတ်ဆုံးပင် ဖြစ်သည်။

### ဒေါက်တာစတိဗ်ဟာပါ

ရှင်မဿဲ၌ ကောင်းကင်နိုင်ငံတော်အကြောင်း ယေရှုပြောဆိုသည့်အခါ ကျွန်ုပ်အမြင်အရ ၎င်းသည်ကျယ်ပြန့်နိုင်သရွေ့ ကျယ်ပြန့်နိုင်သည်။ ထို့ကြောင့် ၎င်းသည် ကြီးမားသည့် သဘောအယူအဆတစ်ခု ဖြစ်ပြီး ထိုအထဲမှာ ကျွန်ုပ်တို့ အလွယ်တကူ လမ်းပျောက်သွားနိုင်သည်။ ကျွန်ုပ်အထင်အားဖြင့် ထိုသို့မဖြစ်အောင် ကျွန်ုပ်တို့ကို ကယ်သည်မှာ သခင်ဘုရား၏ ပဌာနာအတွင်း "သင်တို့ဆုတောင်းသည့်အခါ "အကျွန်ုပ်တို့၏ အဖ" ဟု တောင်းဖို့ ယေရှုပြောဆိုချိန်ဖြစ်သည်။ ကျွန်ုပ်၏ သွန်သင်မှုနယ်ပယ်မှာ ဝိညာဉ်ရေးတည်ဆောက်ရန် ဖြစ်သည်။ သခင်ဘုရား၏ ပဌနာတော်အကြောင်း ကျွန်ုပ်ပြောဆိုသည့်အရာတစ်ခုမှာ မည်သည့်အချိန်မှာမဆို တစ်ချိန်တည်းမှာ ဆုတောင်းနေသူ အခြားပုဂ္ဂိုလ်အမြောက်အများရှိနေကြောင်း ဝန်ခံမှုနှင့် အစပြုခြင်းဖြစ်သည်။ ဘုရားသခင်ကို "ဘုရားသခင်" ဟု ကျွန်ုပ်တို့ခေါ်ဆိုရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ဘုရားသခင်သည်

ဆုတောင်းချက်တစ်ခုချင်းစီတိုင်းကိုလက်ခံ၍ တစ်ချိန်တည်းမှာပင် ယင်းတို့အား သူ၏အာရုံစိုက်မှုကို အပြိုင်ရယူနေသည့် တစ်ယောက်တည်းသောသူအဖြစ် ကိုင်တွယ်နိုင်၍ ဖြစ်သည်။ သို့သော် ၎င်းသည် ကောင်းကင်ပုဂ္ဂိုလ်များ၏ နိုင်ငံတော် တစ်စိတ်တစ်ပိုင်းဖြစ်သော သန့်ရှင်းသည့် မိတ်သဟာယအတွင်းသို့ ကျွန်ုပ်တို့ကို ခေါ်သွင်းသည်။ ထိုအမှုပြီးလျှင်ပြီးချင်း လာသည်မှာ အဖ ဟူသော စကားလုံးဖြစ်သည်။ ဆုတောင်းချက်၌ ကျွန်ုပ် မည်သူဖြစ်စေ၊ မည်သည့်နေရာမှာ ရှိနေသည်ဖြစ်စေ ဘုရားသခင်ဆီ အဗ္ဗ အဖအဖြစ် ကျွန်ုပ် ချဉ်းကပ်နေခြင်းဖြစ်သည်။ ပိုလန်မှ လူတစ်ယောက်သည် ဘုရားသခင်ကို "အဖ" ဟုခေါ် ပြီး အမေရိကန်မှကျွန်ုပ်လည်း ဘုရားသခင်ကို "အဖ"ဟု ခေါ်ပါက၊ ကျွန်ုပ်တို့သည် ညီအစ်ကို မောင်နှမများဖြစ်ကြသည်။ ကျွန်ုပ်တို့တွင် တူညီသောဖခင်ရှိလျှင် ကျွန်ုပ်တို့သည် တူညီသောမိသားစုထဲမှ မိသားစုဝင်များဖြစ်ကြသည်။ ထို့ကြောင့် မသဲသည် သူအကြိမ်ကြိမ် အသုံးပြုနေသည့် ကောင်းကင်နိုင်ငံတော်၏ သဘောတရားကို နည်းလမ်းအခိုင်အမာဖြင့် နားလည်ထားသည်ဟု ထင်ပါသည်။ သို့သော် ကျွန်ုပ်ဆုတောင်းနေသည့် အခိုက်အတန့်၌ ကျွန်ုပ်တောင်းနေသည့် အလားတူအရာကို ပြောဆိုနေသည့် အခြားသူတို့နှင့်အတူ ကျွန်ုပ်ဆုတောင်းနေကြောင်း ကျွန်ုပ်ကို နားလည်စေသည့်အရာမှာ ဆုတောင်းအသက်တာပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တောင်းခံနေသည့်အရာကို သူတို့တောင်းခံနေချိန်သည် ကျွန်ုပ်တို့ တစ်မိသားစုတည်းဖြစ်ကြောင်း ပြချိန်ဖြစ်သည်။

## ဒေါက်တာ ဂျက်ဖ်လိုးမင်း

ဘုရားသခင်သည် ကျွန်ုပ်တို့၏ အဖဖြစ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင့်မိသားစု၏ အဖွဲ့ဝင်များဖြစ်ကြသည်ဆိုသည့်အချက်မှ ကျွန်ုပ်တို့ ထုတ်ယူနိုင်သည့်အချက်သည် ကြီးကျယ်သည့် ခွန်အားပေးချက်တစ်ခုပင် ဖြစ်သည်။ ယုံကြည်သူအများစုအတွက် ခရစ်ယာန်တစ်ဦး ဖြစ်ရခြင်းသည် ခက်ခဲလှသည်။ ကမ္ဘာ့နေရာများစွာ၌ နှိပ်စက်ညှဉ်းပန်းခြင်းခံနေရသည်။ သူတို့ဘဝကို အကြီးအကျယ် ဝမ်းမြောက်စေသည်မှာ သူတို့သည် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများဖြစ်သည် ဆိုသည့်အချက်ကြောင့်ဖြစ်သည်။ ထို့ပြင် ဘုရားသခင်၏လူများအဖြစ်ဖြင့်လည်း သူတို့ကိုယ်သူတို့ ခွဲခြားသိရှိနိုင်ကြပေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခမည်းတော်ဖြစ်ကြောင်း သမ္မာကျမ်းစာဖော်ပြသည်။ ရောမ ၈ တွင်ဖော်ပြထားသည့်အတိုင်း၊ ကျွန်ုပ်တို့တွင် ဘုရားသခင်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> အဗ္ဗအဖြစ်ခေါ်ဆိုနိုင်ရန် ကြီးမားသောအခွင့်ထူးရှိသည်။ ဟုတ်ပါသည်။ "ဒက်ဒီ" ဆိုသည့် မူလဝေါဟာရနှင့် ကျွန်ုပ်တို့ အလွန် ရင်းနှီးကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အစဉ်အမြဲ ဂရုစိုက်တော်မူသည်ဆိုသည့်အချက်လည်း ကျွန်ုပ်တို့မှာ ရှိနေပါသည်။ ငါသည်သင့်ကို မည်သည့်အခါမျှ ပစ်ပယ် သို့မဟုတ် စွန့်ပစ်မည် မဟုတ်ဟု ဟေဗြဲဩဝါဒစာထဲမှာလည်း ယုံကြည်သူများသို့ ကတိပေးထားသည်။ ထိုအချိန်သည်နောက်ထပ် ညှင်းပန်းနှိပ်စက်မှုကြုံနေသော အခြေအနေတစ်ခုလည်း ဖြစ်သည်။ သို့ဖြစ်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အဖဖြစ်သည့်အလျောက် ခရစ်တော်အားဖြင့် ရောက်လာသည့် ဤခွန်အားပေးချက်သည် ယုံကြည်သူအတွက် ဘဝမဏ္ဍိုင်ပင် ဖြစ်တော့သည်။

ခမည်းတော်ဘုရားသည် ကျွန်ုပ်တို့ကိုချစ်၍ သူ့မိသားစုဝင်အဖြစ် ကြိုဆိုတော်မူခြင်းမှာ ရှင်းပါသည်။ သို့သော် ကိုယ်တော်သည်သန့်ရှင်းတော်မူပြီး စကြဝဠာကို ဖန်ဆင်းသူသာဖြစ်၍ ဖန်ဆင်းခံမဟုတ်ကြောင်းကို မည်သည့်အခါမျှမမေ့လျော့သင့်ပါ။ ထိုမျှမက ခမည်းတော်၏ ဇာတိအနှစ်သာရ၌ သားတော်နှင့် ဝိညာဉ်တော်တို့သည်လည်း မျှဝေခံစားကြသည်။ ထို့ကြောင့် သူတို့အကြားမှာ ပြီးပြည့်စုံသည့်ညီညွတ်မှုရှိနေပါသည်။

သုံးပါးတစ်ဆူညီညွတ်မှုကို လေ့လာဖော်ထုတ်ရာ၌ ခမည်းတော် ဘုရားသခင်နှင့်စပ်လျဉ်းသော သမ္မာကျမ်းစာသွန်သင်ချက်ကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် သားတော်ဘုရားသည် ဘုရားဇာတိအပြည့်အဝရှိသည်ဆိုသည့် ကျွန်ုပ်တို့၏ ဒုတိယမြောက် အရေးကြီးခေါင်းစဉ်ဆီ သွားကြပါစို့။

## သားတော်

ခမည်းတော်နှင့်သားတော်တို့သည် ကွဲပြားသော၊ ဖန်ဆင်းခံမဟုတ်သော ပုဂ္ဂိုလ်များဖြစ်ပြီး တစ်ခုတည်းသော ဇာတိအနှစ်သာရ၌ ထာဝရ တည်နေတော်မူကြောင်း ကျမ်းစာက ကျွန်ုပ်တို့အား သွန်သင်ထားပါသည်။ တန်ခိုး၊ ဘုန်းတော်အရာတို့၌ တန်းတူညီမျှကြပြီး ဘုရားဂုဏ်တော်ရှိသမျှကို တန်းတူညီမျှ ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြသည်။ သားတော်တည်းဟူသော ပုဂ္ဂိုလ်သည် ဘုရားစစ်စစ်ဖြစ်ကြောင်း၊ ခမည်းတော်နှင့် တန်းတူညီမျှကြောင်း ကျမ်းစာမှ ထုတ်ပြရန် မခက်ခဲလှပါ။ ဗျာဒိတ် ၅း၁၃-၁၄ တွင် ယောဟန်က

> ထိုပြင်ကောင်းကင်နှင့်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်နှင့် ပင်လယ်ထဲ၌၎င်း၊ ရှိကြသောသတ္တဝါအပေါင်းတို့နှင့် ခပ်သိမ်းသောအရာတို့က "ကောင်းချီးမင်္ဂလာ၊

ဂုဏ်အသရေ၊ ဘုန်းအသရေနှင့် တန်ခိုးအရှိန်အဝါတို့သည်
ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအရှင်နှင့် သိုးသငယ်တော်၌
ကမ္ဘာအဆက်ဆက် ရှိပါစေသော" ဟုကြွေးကြော်ကြသည်ကို ငါကြားရ၏။
ထိုအခါ သတ္တဝါလေးပါးတို့က "အာမင်" ဟု ဆိုကြ၏။
သက်ကြီးဝါကြီးတို့သည်လည်း ပျပ်ဝပ်လျက် ရှိခိုးကြ၏ (ဗျာဒိတ် ၅း၁၃-၁၄) ဟု
ရေးသားခဲ့သည်။

"ဖန်ဆင်းခံသတ္တဝါရှိသမျှ" အား "ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူ၊ သိုးသငယ်တို့" မှ ယောဟန် မည်သို့ဆန့်ကျင်ခြားနားထားကြောင်း သေချာစွာ အကဲခတ်ကြည့်ပါ။ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်တို့သည် ဖန်ဆင်းခံသတ္တဝါ အတန်းအစားမဟုတ်ဟု ဤအချက်က ဆိုလိုသည်။ သူတို့သည် အရာရာဖန်ဆင်းသူဘုရားအတန်းအစားထဲမှာ ပါရှိကြသည်။ ထိုအကြောင်းကြောင့်ပင် ဖန်ဆင်းခံသတ္တဝါတိုင်းသည် ပလ္လင်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်ကို ဝတ်ပြုကိုးကွယ်ကြခြင်းဖြစ်သည်။

## မေးခွန်း လေး

## သားတော်သည် ခမည်းတော်နှင့် တန်းတူညီမျှသောပုဂ္ဂိုလ်ဘုရားဖြစ်ကြောင်း ဗျာဒိတ် ၅ ပါ ခြင်္သေ့နှင့် သိုးသငယ်ပုံရိပ်တို့က မည်သို့ဖော်ပြကြပါသနည်း။

ဗျာဒိတ် ၁ နှင့် ၄ အရ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူသည် ခမည်းတော် ဘုရားသခင် ဖြစ်သည်။ ထို့ပြင် ယောဟန် ၁ အရ သိုးသငယ်သည် ဘုရားသခင့် သားတော်တည်းဟူသော ယေရှုခရစ်တော် ဖြစ်ပြီး လူ့ဇာတိခံယူသော ဘုရားသခင့်နှုတ်ကပတ်တော် ဖြစ်သည်။ အဆိုပါကျမ်းချက် နှစ်ခုလုံးက ယေရှု၏ ဖန်ဆင်းခံမဟုတ်သော ဘုရားအဖြစ်တော်ကို ရှင်းရှင်းသွန်သင်နေသည်။ ယေရှုကိုဖော်ပြရန် သိုးသငယ်နှင့် ခြင်္သေ့ ပုံရိပ်နှစ်မျိုးလုံးကိုဗျာဒိတ် ၅ ထဲမှာ ယောဟန် အသုံးပြုခဲ့သည်။ သားတော်သည် ခမည်းတော်နှင့် တန်းတူညီမျှသောပုဂ္ဂိုလ်ဘုရားဖြစ်ကြောင်း ဗျာဒိတ် ၅ ပါ ခြင်္သေ့နှင့် သိုးသငယ်ပုံရိပ်တို့က မည်သို့ဖော်ပြကြပါသနည်း။

### မာ့က်အယ်စထရောက်စ်

ဗျာဒိတ် ၅ သည် ဗျာဒိတ်ကျမ်းတစ်ခုလုံးကို အရာရာ
အနှစ်ချုပ်ပေးသကဲ့သို့ဖြစ်သောကြောင့် အံ့ဖွယ်ကျမ်းပိုင်းတစ်ခု ဖြစ်သည်။
စာလိပ်တစ်ခုကို ယောဟန်အား ပြသည်။ ၎င်းကို ဖွင့်ရန် ထိုက်တန်သူမည်သူမျှ
မရှိပါ။ ထို့ကြောင့် ယောဟန် ငိုကြွေးသည်။ အကြောင်းမှာ စာလိပ်၌
လောကကြီး၏ ရှေ့ခရီးဆိုင်ရာ လျှို့ဝှက်ချက်တည်းဟူသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်ပြဌာန်းသောအနာဂတ်၏ လျှို့ဝှက်ချက် ပါရှိနေ၍ဖြစ်သည်။ သို့နှင့် ရှုတ်တရက်ဆိုသလို စောင့်ပါဦး၊ ထိုက်တန်သူတစ်ပါးရှိပါသည် ဟု ကောင်းကင်တမန်တစ်ပါးက ကြေညာသည်။ ၎င်းသည် ခြင်္သေ့ ဖြစ်ပြီး ယုဒမျိုးနွယ်မှဆင်းသက်သောခြင်္သေ့ ဖြစ်သည်။ ထိုအရာသည် ကမ္ဘာဦး ၄၉ ထဲက ပုံရိပ်လည်း ဖြစ်သည်။ ခြင်္သေ့သည် သစ္စာရှိမှု၏ သင်္ကေတဖြစ်သည်။ ယုဒဆိုသည်မှာ ယုဒမျိုးနွယ်ကို ခြင်္သေ့သားပေါက်အဖြစ် ဖော်ပြချက်ဖြစ်ပြီး ဒါဝိဒ်မျိုးနွယ်မှ ဆင်းသက်လာသော ရှင်ဘုရင်က အုပ်စိုးမည့်အကြောင်း ပုံဖော်ချက်ဖြစ်သည်။ သို့ဖြစ်၍ ခြင်္သေ့၊ တန်ခိုးကြီးသော ခြင်္သေ့ကို မြင်တွေ့ရန်မျှော်လင့်ချက်ဖြင့် ယောဟန် ကိုယ်ကိုလှည့်သည်။ ထိုအစား သိုးသငယ်ကို သူတွေ့သည်။ ပူဇော်သောယဇ်၏ သင်္ကေတဖြစ်သည်။ ဆင်းရဲဒုက္ခ၏ လက္ခဏာလည်း ဖြစ်သည်။ ထို့သို့အားဖြင့် ယေရှုမည်သူဖြစ်ကြောင်း လှပသည့်ပုံဖော်ချက် တစ်ခုရှိနေသည်။ အကြောင်းမူကား ယေရှုသည် မေရှိယတည်းဟူသော အောင်မြင်သည့်ရှင်ဘုရင် ဖြစ်သောကြောင့်ပေတည်း။ ကိုယ်တော်သည် အရာရာ၏ အရှင်သခင်ဖြစ်သည်။ သို့တစေ ဆင်းရဲခြင်းနှင့်ကျွမ်းဝင်ပြီး ပူဇော်ခံသိုးသငယ်အဖြစ် အသေခံသောအားဖြင့် ကယ်တင်ခြင်းကို ပြီးမြောက်စေခဲ့သည်။ ထို့ကြောင့် သိုးသငယ်ဖြစ်သော ခြင်္သေ့သည် ယေရှုခရစ်တော်၏ ပုဂ္ဂိုလ်သဘာဝအား အရှင်သခင်အဖြစ်၊ အုပ်စိုးပိုင်သသူအဖြစ်၊ ရှင်ဘုရင်အဖြစ် ဖော်ပြရာ အနုပညာမြောက်သည့်ပုံဖော်ချက်ပင်ဖြစ်သည်။ သို့တစေ ကယ်တင်ခြင်းကို ကိုယ်တော်ပြီးမြောက်စေသည့်နည်းမှာ ကျွန်ုပ်တို့၏ အပြစ်များအတွက် ပူဇော်သည့် သိုးသငယ်အနေနှင့် ဆင်းရဲခံ၊ အသေခံသောအားဖြင့် ဖြစ်သည်။ ထို့ကြောင့် ယေရှုမည်သူဖြစ်ကြောင်း၊ ကယ်တင်ခြင်းကို မည်သို့ပြီးမြောက်စေကြောင်းဖော်ပြရာ အားကောင်းသည့် ပုံဖော်ချက်ပင်ဖြစ်သည်။

## ဒေါက်တာ လိုင်-ချန်း ကန်၊ ဘာသာပြန်ဆိုချက်

ခြင်္သေ့သည် ယေရှု၏ ရာဇဣန္ဒြေကို ကိုယ်စားပြုသည်။ သိုးသငယ်သည် ကိုယ်တော်၏ နူးညံ့သိမ်မွေ့ခြင်းကို ကိုယ်စားပြုသည်။ ပိုအရေးပါသည်မှာ အပြစ်မှရွေးနုတ်သူအဖြစ် သင်္ကေတပြုချက်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ၎င်းသည် အံ့ဖွယ်အသုံးအနှုန်းတစ်ခုဖြစ်သည်။ သို့သော် ကျွန်ုပ်အထင် ဗျာဒိတ် ၅ ၌ ပိုမို၍ပင်နက်နဲသည့် အဓိပ္ပာယ်ရှိနေသည်။ ၎င်းသည် ယေရှု၏ ဘုရားဖြစ်ခြင်းသဘာဝကို ပုံဖော်ရန် ရည်ရွယ်ပါရှိသည်။ ယခုလိုဆိုရခြင်းမှာ ကောင်းကင်ရုံးတော်မှာ တစ်ခုခုဖြစ်ပျက်ခဲ့ကြောင်း ကျွန်ုပ်တို့သိကြ၍ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> ဗျာဒိတ် ၄ အတွင်း ဘုရားသခင့်ဖန်ဆင်းခြင်း၏ အံ့ဖွယ်ရာများကို ချီးမွမ်း ထောမနာပြုကြပြီးသည့်နောက် ရုတ်တရက် ချီးမွမ်းသံများ ရပ်တန့်သွားသည်။ အကြောင်းမှာ ဘုရားသခင်က လက်ယာလက်ထဲ စာစောင်ကို ကိုင်မြှောက်ထားပြီး ခွန်အားကြီးသည့် ကောင်းကင်တမန်တစ်ပါးကလည်း ဤစာစောင်ကို မည်သူဖွင့်နိုင်မည်နည်း၊ ဖွင့်နိုင်သူမှာ မည်သူနည်း ဟု မေးမြန်းသောကြောင့် ဖြစ်သည်။ ယုဒမျိုးနွယ်မှဆင်းသက်သည့် ခြင်္သေ့ဖြစ်ကြောင်း ကြေညာသည်။ သို့သော် ထိုသို့ကြေညာလိုက်သည်နှင့် ပေါ်လာသည်မှာ ခြင်္သေ့မဟုတ်ဘဲ သိုးသငယ်ဖြစ်နေသည်။ စာစောင်ကို သိုးသငယ်ရယူချိန်တွင် ကောင်းကင်ရုံးတော်တစ်ခွင်လုံးသည် ကိုယ်တော်အား ပျပ်ဝပ်ကိုးကွယ်ခြင်း၊ ချီးမွမ်းခြင်း ပြုကြသည်။   ဤအရာသည် အလွန်ပင် အရေးကြီးလှသည်။ အကြောင်းမှာ သိုးသငယ်တည်းဟူသော "ရုပ်ပုံသဏ္ဍာန်" တစ်ခု ရှိနေသည်။     ကောင်းကင်ရုံးတော်မှာ သိုးသငယ် ကိုးကွယ်ခံနေခြင်းသည် နားမလည်နိုင်စရာဖြစ်သည်။ ဘုရားသခင့်ရှေ့ ထိမိလဲစရာဖြစ်သင့်သော်လည်း ဘုရားသခင် ဒေါသဖြစ်ရမည့်အစား သူ့ရှေ့တော်က သိုးသငယ်ကို တလောကလုံးက ကိုးကွယ်စေဖို့ အားပေးခြင်းပင်ပြုနေသည်။ ဤသိုးသငယ်သည် ဘုရားသခင် ဖြစ်တော်မူသည်ဟု ပြောရန်မှလွဲ၍ သင့်မှာအခြားမရှိပါ။ ယေရှု၏ ဘုရားဇာတိကို ဤနေရာမှာ အကုန်အစင် ပြထားပါသည်။

ဗျာဒိတ် ၅ သည် ယေရှုအား ဘုရားအတန်းအစားထဲ ထည့်သွင်းထားပါသည်။ သူသည် ဘုရားသခင့် ဖန်ဆင်းခံများထဲက တစ်ပါးပါး မဟုတ်ပါ။ ထိုအစား ဘုရားသခင်နှင့် တန်းတူညီမျှသူ ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်၏ သားတော်ဘုရားအနေနှင့် ကိုယ်တော်ပြန်ကြွလာချိန်တွင် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ ရန်သူများအပေါ် အောင်မြင်မည်ဖြစ်ပါသည်။ စာတန်အပေါ် သူ၏ အောင်မြင်ခြင်းသည် ပြီးပြည့်စုံလာပါလိမ့်မည်။ ဘုရားသခင့်လူရှိသမျှတို့သည်လည်း ခမည်းတော်ဘုရားသခင်နှင့် သူ၏ သားတော် ဘုရားတို့ရှေ့မှောက်၌ ငြိမ်သက်ခြင်းခံစားကြရပါလိမ့်မည်။ ယေရှုခရစ်တော်ကို ဘုရားသခင်နှင့် တစ်သားတည်းဖော်ပြသည့် အထင်ရှားဆုံးကျမ်းပိုဒ်မှာ ယောဟန် ၁း၁-၄ ဖြစ်နိုင်ပါသည်။ ရင်းနှီးပြီးသား ကျမ်းချက်ကို နားထောင်ကြည့်ပါ။

> အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ခပ်သိမ်းသောအရာတို့သည် နှုတ်ကပတ်တော်အားဖြင့်ဖြစ်လာ၏။ ဖြစ်လာသောအရာတို့တွင် တစ်စုံတစ်ခုမျှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> နှုတ်ကပတ်တော်နှင့် ကင်းလွတ်၍ ဖြစ်လာခြင်းမရှိ။ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။

ဤကျမ်းပိုဒ်ထဲတွင် ယေရှုအား "နှုတ်ကပတ်တော်" ဟု ယောဟန် ခေါ်ဆိုထားသည်။ "နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏" ဟု ဆိုခြင်းဖြင့် ခမည်းတော်ဘုရားသခင်နှင့် ယေရှုကို သူခွဲခြားထားသည်။ သို့သော် "နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်၏" ဟု သူအဆိုပြုခြင်းဖြင့် ယေရှုအား ဘုရားသခင်နှင့် ထပ်တူလည်း ထားရှိပြန်သည်။

## မေးခွန်း ငါး

## ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်း ယောဟန် ၁း၁ က မည်သို့သွန်သင်ပါသနည်း။

ယေရှုသည် သုံးပါးတစ်ဆူ၏ ဒုတိယပုဂ္ဂိုလ် သားတော်ဘုရားဖြစ်ကြောင်း အထောက်အထားအဖြစ်ရှင်ယောဟန် ပထမအခန်းကြီးနှင့် အထူးသဖြင့် ပထမဆုံးအခန်းငယ်ကို အသင်းတော် သမိုင်းတလျှောက် အသုံးပြုခဲ့ကြသည်။ ကိုယ်တော်သည် ဘုရားသခင်ဖြစ်ပြီး အစအဦးမှာပင် ဘုရားသခင်နှင့်အတူရှိခဲ့ပြီး ဖြစ်သည်။ ရှိသမျှအရာရာကို ဖန်ဆင်းခြင်း၌လည်း ကိုယ်တော်ပါဝင်ခဲ့သည်။ ရှိသမျှအရာရာကို ဖန်ဆင်းခြင်းမှာ ပါဝင်ခဲ့သူဖြစ်၍လည်း ကိုယ်တော်တိုင်သည် ဖန်ဆင်းမခံရသောသူသာ ဖြစ်ရမည်။ ကိုယ်တော်သည် ထာဝရတည်တော်မူပြီး ဖန်ဆင်းမခံရသော ဖန်ဆင်းရှင်ပင် ဖြစ်သည်။ သို့ဖြစ်ပါက ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်း ယောဟန် ၁း၁ က မည်သို့သွန်သင်ပါသနည်း။

### ဒေါက်တာ ဒန်နီယယ်ဘီဝေါလေ့စ်

> အသင်းတော်ရာစုနှစ်များစွာတလျှောက် ဤကျမ်းချက်သည် "ခရစ်တော်၏ ဘုရားဇာတိကိုသွန်သင်ရာကျမ်းချက်" ဟု လူတိုင်း ပြောဆိုခဲ့ရာ ကျမ်းစာသားဖြစ်ခဲ့သည်။ ရှုးဒေါ့ ဘွတ်လ်တ်မင် တို့လို အလွန့်အလွန် လစ်ဘရယ်ဆန်သော ကြီးကျယ်သည့် နှစ်ဆယ်ရာစု ဓမ္မသစ် ပညာရှင်ကြီးများကပင်လျှင် ယော ၁း၁ သည် လုံးလုံး အငြင်းပွားဖွယ်မရှိကြောင်း ဆိုခဲ့သည်။ ၎င်းသည် ခရစ်တော်၏ ဘုရားအဖြစ်တော်ကို ရှင်းရှင်းသွန်သင်နေသည်။ သို့သော် ထိုနေရာရှိ ဂရိသဒ္ဒါမှာ ပြောနေသည့်အရာကို ကြည့်လျှင် "နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်ခဲ့သည်" ဆိုသည်မှာ အကောင်းဆုံး ပြန်ဆိုချက်ဟု ကျွန်ုပ်မထင်ပါ။ အစဉ်အလာ ပြန်ဆိုချက်မှာ ထိုအတိုင်းဖြစ်သည်။ သို့သော် အကောင်းဆုံးပြန်ဆိုချက်မှာ ပြင်ဆင်ထားသည့် အင်္ဂလိပ်ကျမ်းစာ၌

ပါသည့်အတိုင်း "ဘုရားသခင်ဖြစ်ခဲ့သည့်အရာ သားတော်ဖြစ်ခဲ့သည်" ဟူ၍ ဖြစ်သည်။ အနှစ်သာရအရ ဂရိသဒ္ဒါက ပြောနေသည်မှာ ကိုယ်တော်၏ အနှစ်သာရအရ၊ ကိုယ်တော်၏ အဖြစ်တော်အရ၊ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် ထပ်တူဖြစ်သည်။ သို့ဖြစ်၍ "နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူ၏" ဟူသည့် ယောဟန် ၁း၁ ၏ အဆုံးသတ် စကားလုံးအချို့က အတိကျဆုံး ဖြစ်နိုင်သရွေ့ ပြောဆိုနေသည်မှာ သုံးပါးတစ်ဆူ၏ ဒုတိယပုဂ္ဂိုလ်သည် အခွင့်အာဏာရှိမှု၊ ကိုးကွယ်ခံထိုက်မှု၊ ဂုဏ်တော်အပေါင်းပြည့်စုံမှုတို့၌ သုံးပါးတစ်ဆူ ပထမပုဂ္ဂိုလ်နှင့် တန်းတူညီမျှသော်လည်း တူညီသောပုဂ္ဂိုလ်များ မဟုတ်ကြကြောင်းပင်ဖြစ်သည်။ ခရစ်တော်သည် ဘုရားဖြစ်ကြောင်း ယော ၁း၁ က သွန်သင်နေပါသလား။ လုံးဝ သွန်သင်နေပါသည်။ ဤအရာအပေါ် မူရင်း ပေစာမူတို့ ကွဲပြားမှုရှိပါသလား။ ၎င်းသည် မည်သည့်ပေစာမူများထဲမှာဖြစ်ပါစေ လုံးဝကွဲလွဲမှု မရှိသောကျမ်းချက်များစွာမှ တစ်ခုဖြစ်ပါသည်။ ယော ၁း၁ သည် ကျွန်ုပ်တို့ ဘဏ်ကို ယူသွားနိုင်သည့် ကျမ်းချက်တစ်ခုပင် ဖြစ်သည်။ ၎င်းသည် ခရစ်တော်၏ ဘုရားဇာတိကို အခိုင်အမာပြောဆိုပါသည်။

## ဒေါက်တာဂျွန်မက္ကင်လေ

ယောဟန်သည် ခရစ်ဝင်ကျမ်းထဲတွင် ပရိသတ်အား ယေရှုအကြောင်း ရှေ့ပြေးကလေးတစ်ခုနှင့် မိတ်ဆက်ထားပေးသည်။ "ယေရှုသည် နှုတ်ကပတ်တော် ဖြစ်ကြောင်း၊ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိကြောင်း၊ နှုတ်ကပတ်တော်သည် ဘုရားသခင် ဖြစ်ကြောင်း" .. သူပြောဆိုရာ ပထမဆုံး အခန်းငယ် ၁၈ ခန်းမှာ ဖြစ်သည်။သို့ဖြစ်၍ ယေရှုအား နှုတ်ကပတ်တော်ဟု ခေါ်ဆိုခြင်းသည် ယေရှုသည် ဘုရားဖြစ်ကြောင်း၊ ကိုယ်တော်သည် ဘုရားသခင့်အပေါင်းအဖော်ဖြစ်ကြောင်း ဓမ္မဟောင်းအဆက်အစပ်အရ အလွန်မြန်ဆန်စွာ ဖော်ပြသည့်နည်း ဖြစ်သည်။ ကိုယ်တော်သည် ကိုယ်တိုင်အပြည့်အဝ ဘုရားဖြစ်တော်မူပါသည်။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏" ဟု သူ ဆိုရာမှာလည်း ယေရှု၌ သင့်မှာဖန်ဆင်းခြင်းသစ် တစ်ခု ရှိနေကြောင်း သူပြောနေခြင်းဖြစ်သည်။ သို့ဖြစ်လျှင် အစအဦး၌ ဖန်ဆင်းမှုကို ပြုနေသော၊ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် ဖန်ဆင်းခြင်းအမှုကို ပြုတော်မူသော ထိုဘုရားသခင်သည် ဖန်ဆင်းခြင်းသစ်တစ်ခုကို ယခု ဖြစ်ပေါ်စေလျက်ရှိသည်။ နှုတ်ကပတ်တော်သည် ယခုဤနေရာမှာ ရှိနေပြီး ထိုအရာကို သူ့အသက်တာမှာ လက်တွေ့ လုပ်ဆောင်လျက်ရှိနေပေသည်။ ထို့ကြောင့် ယေရှုကို ဘုရားသခင့်


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

နှုတ်ကပတ်တော်ဟု ခေါ်ဆိုမှုနှင့်အတူ ကိုယ်တော်သည်
ဘုရားသခင့်သားတော်ဖြစ်ကြောင်း၊ ကိုယ်တော်သည်
ဘုရားသခင့်ကိုယ်စားတော်ဖြစ်ကြောင်း၊ ကိုယ်တော်သည်
အသက်ကိုပေးသူဖြစ်ကြောင်းကိုလည်း ယောဟန် ပြောနေပေသည်။

ဂျက်ဖ်လိုမင်း

သူ့ခရစ်ဝင်ကျမ်းအား အခြားသောခရစ်ဝင်ဆရာတို့နှင့် မတူဘဲ ယောဟန် အစပြုသည်။ ခရစ်တော်တည်းဟူသောပုဂ္ဂိုလ်နှင့် သူ အစပြုသည်။ ယောဟန် ၁း၁ တွင် "အစဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏" ထို့နောက် အလွန်ပင် အလေးအနက်ပြုလျက် "နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" ဟူ၍ လာသည်။ ဟုတ်ပါပြီ။ ယော ၁း၁၄ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ "နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိကို ခံယူ၍ လူတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းတော်ကဲ့သို့ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာနှင့်၎င်း ပြည့်စုံသော ဘုန်းတော်ကို အကျွန်ုပ်တို့သည် မြင်ရကြ၏" ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ ယေရှုသည် ဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့ထံ ပြောဆိုမှုနှင့် ယောဟန် အစပြုသည်။ ယောဟန် ခရစ်ဝင်ကျမ်းထဲ ခရစ်တော်၏ နှုတ်မှပြောဆိုသည်ကိုပင် ကျွန်ုပ်တို့ တွေ့ရသည်။ ယောဟန် ၁၀ ၌ "ငါနှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်း ဖြစ်သည်" ဟု ခရစ်တော်ပြောဆိုထားသည်။ ခရစ်တော်သည် မိမိကိုယ်မိမိ ခမည်းတော်ရှေ့မှာ နေရာယူထားပြီး ခမည်းတော်နှင့် သူ၏ တန်းတူညီမျှမှုကို ထိုနေရာ၌ အလေးပေးထားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ "ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏" "ငါသည်လောက၏ အလင်းဖြစ်၏" သို့မဟုတ် "အာဗြဟံမဖြစ် ငါဖြစ်၏" ကဲ့သို့သော ရင်သပ်ရှုမောလောက်သည့် ယောဟန် ၈ ထဲက ကျမ်းပိုဒ်လို "ငါသည် .... ဖြစ်၏" ဟု ယေရှုပြောဆိုရာ *အီဂို အီမီး* ကျမ်းပိုဒ်အများအပြားလည်း သင့်မှာရှိနေသည်။

## မေးခွန်း ခြောက်

### လူသား ယေရှုသည် ဘုရားလည်းဖြစ်ရန် အဘယ်ကြောင့် လိုအပ်ရပါသနည်း။

ယေရှုသည် အသက်ရှင်ပြီး မှန်သောဘုရားဖြစ်ကြောင်း ကျမ်းစာက ရှင်းရှင်းသွန်သင်ထားသည်။ ပေါလုသာမက ယောဟန်ပါ ဤအရာကို နားလည်သည်။ သို့သော် သုံးပါးတစ်ဆူ၏ ကြီးကျယ်သော လျှို့ဝှက်နက်နဲမှုတစ်ခုမှာ ယေရှုသည် ဘုရားဇာတိအပြည့်ရှိရုံမက လူ့ဇာတိလည်း

အပြည့်အဝရှိသည်ဆိုသည့် အချက်ဖြစ်သည်။     ကျွန်ုပ်တို့ ကယ်တင်ခြင်းသို့ ရောက်ရသည်မှာလည်း ကိုယ်တော်၏ လူ့ဇာတိ၊ အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် ဖြစ်သည်။ လူသားယေရှုသည် ထာဝရဘုရားသခင်လည်း ဖြစ်ပြီး တန်ခိုး၊ ဘုန်းတော်အရာ၌ ခမည်းတော်နှင့် တန်းတူညီမျှသောကြောင့် ကိုယ်တော်သည် ထိုက်တန်တော်မူကြောင်း၊ ကျွန်ုပ်တို့အား အပြစ်မှ ရွေးနုတ်ရန် တတ်နိုင်တော်မူကြောင်း ကျွန်ုပ်တို့ စိတ်ချကိုးစားနိုင်ပါသည်။ လူသား ယေရှုသည် ဘုရားလည်းဖြစ်ရန် အဘယ်ကြောင့် လိုအပ်ရပါသနည်း။

## ဒေါက်တာဒဲရက် သောမတ်စ်

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ရန်ငြိမ်းရမည်ဆိုလျှင် ဘုရားသခင်သာလျှင် အပြစ်ကို ခွင့်လွှတ်ပေးနိုင်သည်။ ထိုအကြောင်းကြောင့်ပင် ခရစ်တော်ဗေဒအကြောင်း ကြီးကျယ်သည့် ဆွေးနွေးပွဲကြီးများ၌ အထူးသဖြင့် ၁၂ ရာစု၊ ၁၃ ရာစုနှစ်က ထင်ရှားသည့် ကင်တာဗျူရီမြို့သား အင်ဆဲလ်မ်၏ *ကား ဒူးစ် ဟိုမို* ကျမ်းထဲက     ဆွေးနွေးချက်များ၌ အဘယ်ကြောင့် ဘုရား-လူ ဖြစ်ရပါသနည်း ဆိုသည့်မေးခွန်းကို သူမေးခဲ့ခြင်းဖြစ်သည်။ အကျိုးဆောင်ပုဂ္ဂိုလ်သည် စစ်မှန်သောဘုရားလည်းဖြစ်၊ စစ်မှန်သောလူသားလည်းဖြစ်ပြီး ပုဂ္ဂိုလ်တစ်ပါးတည်း၊ ဇာတိနှစ်မျိုးဖြစ်မည့်အကြောင်း အဘယ်ကြောင့် ဘုရားလည်းဖြစ်၊ လူလည်းဖြစ်ဖို့ လိုအပ်ပါသနည်း။ လူသားဖြစ်ရန် လိုအပ်ရသည့်အကြောင်းမှာ သူသည် ကျွန်ုပ်တို့ကို ကိုယ်စားပြုရန်ရှိ၍ ဖြစ်သည်။ ကျွန်ုပ်တို့လိုပင် အရာရာမှာ သူစုံစမ်းစစ်ကြောခံရမည် ဖြစ်သည်။ သူသည် ဒုတိယလူသား၊ နောက်ဆုံး အာဒံဖြစ်ရပါမည်။ သို့သော် ဘုရားသခင်လည်း ဖြစ်ရပါမည်။ အကြောင်းမှာ ဘုရားသာလျှင် အပြစ်ခွင့်လွှတ်ခြင်းကို ပေးနိုင်သည်။ အကြောင်းမှာ အာဒံ၌ ပြစ်မှားခံရသူမှာ ဘုရားသခင်ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် အင်ဆဲလ်မ်နှင့် အခြားသူတို့က ယေရှု၌ သဘာဝနှစ်မျိုးရှိရန် လုံးဝလိုအပ်ကြောင်း၊ ကိုယ်တော်သည် လူသားဖြစ်ဖို့ လိုသလို တစ်ချိန်တည်းမှာပင် ဘုရားသခင်ဖြစ်ဖို့လည်း လိုကြောင်း ငြင်းခုံခဲ့ကြခြင်း ဖြစ်သည်။

## ဒေါက်တာ ဂျေစကော့ဟော်ရဲလ်

လောကီသားတို့အား မိမိထံ ခရစ်တော်၌ ဘုရားသခင် မည်သို့ရန်ငြိမ်းနေကြောင်း ၂ ကောရိန္သု ၅ က ပြောပြသည်။ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပြီးပြည့်စုံသော အစားထိုးသူဖြစ်လာသဖြင့် ၎င်းအား

> ကျွန်ုပ်တို့ကွက်ကွက်ကွင်းကွင်း တွေ့ရသည်။ ကိုယ်တော်သည် လူ့ဇာတိ အပြည့်အဝရှိသော်လည်း အပြစ်ကင်းသောကြောင့် ကျွန်ုပ်တို့အတွက် ပြီးပြည့်စုံသော အစားထိုးသူ ဖြစ်ရသည်။ သို့တစေ ကိုယ်တော်သည် ဘုရားသခင် ဖြစ်တော်မူသောကြောင့် ဖရန်စစ်ရှေဖာ ပြောလေ့ရှိသလို ပြောမည်ဆိုက ကားတိုင်ပေါ် ကိုယ်တော်၏ အသေခံခြင်း၌ ယုံကြည်သူရှိသမျှဖို့ "အတိုင်းအဆမဲ့တန်ဖိုး" ရှိနေသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့မရှိမဖြစ်လိုအပ်သည့် အစားထိုးမှုအတွက် ခမည်းတော်နှင့် သားတော်တို့က ပြီးစီးပေါက်မြောက်အောင် လုပ်ဆောင်နေကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ထိုအကြောင်းကြောင့်ပင် ဘာသာစကားအသီးသီးပြောဆိုသော တိုင်းပြည်၊ လူမျိုးနွယ်ရှိသမျှအား မိမိအသွေးတော်ဖြင့် ဝယ်တော်မူသည့် အသေသတ်ခံပြီးသောသိုးသငယ်အဖြစ် ကိုယ်တော်ကိုးကွယ်ခံခြင်းဖြစ်သည်။

ယေရှုသည် ဘုရားသခင်လည်းဖြစ်ပြီး လူသားလည်းဖြစ်ကြောင်း ကျမ်းစာ၌ ရှင်းနေသည်။ ကိုယ်တော်သည် သုံးပါးတစ်ဆူမှ ဒုတိယပုဂ္ဂိုလ်ဖြစ်သည့် သားတော် ဘုရား ဖြစ်ပါသည်။ ဘုရားသခင့် ထာဝရသားတော်သည် လူ့ဇာတိကိုခံယူပြီးကျွန်ုပ်တို့တွင် တည်တော်မူခြင်းသည် အံ့ဖွယ်သမ္မာတရားပင် ဖြစ်သည်။ ကိုယ်တော် အသေခံပြီး ပြန်ရှင်ခဲ့သည်ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင့် သားသမီးများဖြစ်ကြရပြီး ယေရှုနှင့်လည်း ညီအစ်ကိုမောင်နှမ တော်စပ်လာရသည်။ ဤအရာသည် ကျွန်ုပ်တို့အပေါ် ဘုရားသခင်ထားရှိသည့် ကြီးမြတ်သောမေတ္တာတော်ပင် ဖြစ်သည်။ ယေရှုသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်လည်း နေ့စဉ် ကျွန်ုပ်တို့အပေါ် ကိုယ်တော်သွန်းလောင်းနေသည့် ဘုန်းတော်၊ တန်ခိုး၊ ကောင်းမြတ်ခြင်း ရှိသမျှတို့အတွက် ကိုယ်တော်အား ကျွန်ုပ်တို့ လွတ်လပ်စွာ ကြည်ညိုကိုးကွယ်နိုင်ကြပေသည်။

ခမည်းတော်နှင့် သားတော်တို့သည် ဘုရားသခင် ဖြစ်တော်မူကြောင်း ကျမ်းစာမှထုတ်ယူကာ သုံးပါးတစ်ဆူ ညီညွတ်မှုကို စဉ်းစားခဲ့ပြီဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်ထံ လှည့်ကြပါစို့။ သုံးပါးတစ်ဆူ၏ တတိယပုဂ္ဂိုလ်သည်လည်း ဘုရားဇာတိအပြည့်အဝရှိကြောင်း ကျမ်းစာက သွန်သင်ထားပြန်သည်။

# ဝိညာဉ်တော်

## မေးခွန်း ခုနစ်

### သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျမ်းစာနှင့် ကျွန်ုပ်တို့ မည်သို့ပြသနိုင်ပါသနည်း။

သားတော်သည် ဘုရားသခင်ဖြစ်ကြောင်း အကြိမ်ကြိမ်ပြောဆိုသလောက် သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း ကျမ်းစာက အကြိမ်ကြိမ် မပြောဆိုပါ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်၏ ဖန်ဆင်းခံမဟုတ်သည့် ဘုရားဇာတိအကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည့် နေရာအချို့ ကျမ်းစာထဲမှာ ရှိနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း ကျမ်းစာနှင့် ကျွန်ုပ်တို့ မည်သို့ပြသနိုင်ပါသနည်း။

ဒေါက်တာ ဂလဲင်အာ ခရိတ်ဒါ

သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဖြစ်ပါရဲ့လား ဆိုသည့်မေးခွန်းကို ပြတ်ပြတ်သားသား ဆွေးနွေးရာ၌ သားတော်၏ ဘုရားဖြစ်ခြင်းမှာလောက် ဓမ္မသစ်က အချိန်အကြီးအကျယ်မယူထားပါ။ သန့်ရှင်းသောဝိညာဉ်တော်အဖို့ အလားတူ အလေးပေးအာရုံစိုက်မှုမျိုး မရရှိခဲ့ပါ။ သို့သော် ဘုရားသခင့်ဇာတိအဖြစ်တော်အတွင်း ပုဂ္ဂိုလ်သုံးပါးဖြစ်တည်နေပုံဖော်ပြချက်၊ ယေရှု ဗတ္တိဇံခံယူမှုနှင့် ဗိမ္မာန်တော်၌ ဆက်ကပ်မှုများအတွင်း သူတို့ အတူတကွပါရှိနေပုံတို့လို အဖြစ်အပျက်များမှ တင်ပြချက်တစ်ခုပြုနိုင်သည်ဟု ကျွန်ုပ် ယူဆပါသည်။ သို့သော် ၎င်းသည် အခြေခံအားဖြင့် အထက်ခန်းမ ဒေသနာအတွင်း "ငါသည်ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်။ သူသည်ငါကဲ့သို့ဖြစ်သောကြောင့် သင်တို့သိကြသောသူဖြစ်သည်။ သူသည် သင်တို့နှင့်အတူတည်နေလိမ့်မည် သူသည်သင်တို့၌ ရှိလိမ့်မည်" ဟု ယေရှုပြောခဲ့ပုံကြောင့် ဖြစ်ပေသည်။ သို့သော် အဓိက အချက်အချာကျသည့် ကျမ်းပိုင်းမှာ အာနနိနှင့် ရှဖိရေမောင်နှံတို့ သူတို့အိမ်၊ သူတို့ပိုင်ဆိုင်မှုမှ ငွေကြေး များစွာရခဲ့သော်လည်း ထိုမျှလောက်သာရပါသည်ဟု တမန်တော်များကို လိမ်ညာသည့် ဇာတ်ကြောင်းပါရှိရာ တမန်တော် အခန်းကြီး ၅ ဖြစ်သည်။ သူတို့အား ပေတရု ဆုံးမရာ၌ "သန့်ရှင်းသောဝိညာဉ်တော်ကို သင်တို့လှည့်စားကြပြီ" ဟု

ပေတရုပြောဆိုသည်။ နောက်ထပ် အနည်းငယ်မျှကြာပြီးနောက် အလားတူ ဆုံးမစကား၌ "လူကိုသာသင်တို့မုသာပြောသည်မဟုတ်၊ ဘုရားသခင်ကိုပါ မုသာပြောပြီ" ဟုပြောဆိုသည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို လိမ်ညာခြင်းသည် ဘုရားသခင်ကို လိမ်ညာခြင်းဖြစ်သည်။

## ဒေါက်တာ အီမက် အေ မီခေးလ်၊ ဘာသာပြန်ဆိုချက်

အမှန်စင်စစ် သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်ကြောင်းပြရန် သို့မဟုတ် ဓမ္မပညာရှင်တို့စကားအရ သန့်ရှင်းသောဝိညာဉ်တော်၏ ဘုရားဇာတိကို ပြရန် နည်းလမ်းတစ်ခုမက ရှိပါသည်။ ပထမဦးစွာ ဖန်ဆင်းခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏ ဘုရားအဖြစ်တော်၊ ဖန်ဆင်းခြင်း၌ ပါဝင်သည့်အခန်းကဏ္ဍတို့ကို လေ့လာကြသည်။ ကမ္ဘာဦး ၁း၁-၂ တွင်

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဌာန် မရှိ။ လွတ်လပ်လဟာ ဖြစ်၏။ နက်နဲရာ အရပ်ကို မှောင်မိုက် ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏ (ကမ္ဘာ ၁း၂)။ ဟုတွေ့ရသည်။

ဤနေရာမှ နှစ်ခု ရှိပါသည်။ ပထမအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ဘုရားသခင် ဖန်ဆင်းကြောင်း ကျမ်းစာက မပြောထားပါ။ ကိုယ်တော်သည် ဖန်ဆင်းခံ မဟုတ်ပါ။ ကိုယ်တော်သည် ဖန်ဆင်းသူဖြစ်ပါသည်။ ကိုယ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။ ဤအရာသည် ပထမ အချက်ဖြစ်သည်။ ဒုတိယအချက်မှာ ကိုယ်တော်သည် ဖန်ဆင်းခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည်။ ဖန်ဆင်းခံရသူ မဟုတ်ရုံမက ဖန်ဆင်းခြင်းလုပ်ငန်းစဉ်မှာပါ ပါဝင်ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင် ဖြစ်တော်မူ၍ ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် ဖန်ဆင်းရှင် ဖြစ်သည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏" ဟူသော ဖော်ပြချက်၌လည်း သူ၏ သားငယ်များရှိရာအသိုက်အပေါ် ဝဲပျံနေသည့် ငှက်တစ်ကောင်၏ ပုံရိပ်ကို ဤနေရာမှာတွေ့ရသည်။ ၎င်းသည် သူ့အသိုက်ကို ပိုက်ထွေးရင်း အသက်ဆက်ပေးနေခြင်းနှင့် အလားတူသည်။ ထို့ကြောင့် ဤနေရာမှ ပုံရိပ်မှာ လောကီသားတို့ကို အသက်ရှင်စေသူသည် ဝိညာဉ်တော် ဘုရားဖြစ်သည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ကိုယ်တော်သည် ဖန်ဆင်းသူဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း ဤနေရာမှာတွေ့ရသည်။

ထို့ပြင် ကိုယ်တော်၏ ဘုရားအဖြစ်တော်ကို ပြသည့် ဒုတိယနည်းလမ်း ရှိပါသေးသည်။ ၎င်းမှာ ဗျာဒိတ်ဖွင့်ပြရာမှာ ပါဝင်သည့် ကိုယ်တော်၏ အခန်းကဏ္ဍဖြစ်သည်။ ကိုယ်တော်သည် မိမိကိုယ်မိမိ သားတော်အားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်၎င်း ဖွင့်ပြသည်။ ၁ကော ၂း၉-၁၁ ကို ဖတ်လိုပါသည်-

သို့သော် ကျမ်းစာလာသည်ကား ကိုယ်တော်ကိုချစ်သောသူတို့အတွက် ဘုရားသခင်ပြင်ဆင်ထားသည့်အရာတို့ကို လူ့မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်ရသေး၊ ထိုအရာတို့ကို ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ဖွင့်ပြတော်မူ၏။ အကြောင်းမူကား သန့်ရှင်းသော ဝိညာဉ်တော်သည် အရာရာအား ဘုရားသခင့်နက်နဲသောအရာများထိတိုင် စစ်တော်မူ၏။ အကြောင်းမူကား လူ၌ရှိသော လူ့စိတ်ဝိညာဉ်မှတပါး ထိုလူ၏ စိတ်ကို အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှ တပါးအဘယ်သူမျှမသိ (၁ ကောရိန္သု ၂း၉-၁၁)။

ဤနေရာမှ စကားလုံးများမှာ ရှင်းလင်းနေသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်ကိုဖွင့်ပြမည့်သူ ဖြစ်ဖို့ရန်အတွက် ဘုရားသခင့်အတွေးများကို သိရန်လိုသည်။ ဖန်ဆင်းရှင်ကို ကောင်းကင်တမန် သို့မဟုတ် မည်သည့်ဖန်ဆင်းခံကမျှ ဖွင့်ပြရန် မဖြစ်နိုင်ပါ။ အကြောင်းမှာ သူသည် ဘုရားသခင့်စိတ်နက်နဲရာတို့ကို စစ်နိုင်စွမ်းမရှိ၍ ဖြစ်သည်။ သို့သော် လူ့စိတ်ဝိညာဉ်သည် လူ့နက်နဲမှုရှိသမျှကို သိသဖြင့် ဘုရားသခင့်ဝိညာဉ်တော်သည်လည်း ဘုရားသခင့်နက်နဲရာအလုံးစုံကို သိရှိသည်။ ထို့ကြောင့် ဤအရာက သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်တော်မူကြောင်း ကျွန်ုပ်တို့အား ပြသနေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်ကြောင်း ပြသသည့် တတိယနည်းလမ်းလည်း ရှိပါသေးသည်။ ၎င်းမှာ ယုံကြည်သူတို့၏ ဘဝအသက်တာနှင့် အသင်းတော်၏ ဘဝအသက်တာများအတွင်း ကိုယ်တော်၏ အခန်းကဏ္ဍဖြစ်သည်။ ဤအဆင့်တွင် ပြောဆိုစရာအများအပြားရှိသည်။ သို့သော် ၁ကောရိန္သု အခန်းကြီး ၃ ဆီလှည့်ကြပါစို့။ ၁ကော ၃း၁၆ ၌ ယုံကြည်သူ၏ ဘဝရှိ သန့်ရှင်းသောဝိညာဉ်တော်အကြောင်း ပေါလု ပြောဆိုထားသည်။

သင်တို့သည် ဘုရားသခင်၏ ဗိမ္မာန်တော် ဖြစ်သည်ကိုငင်း၊ ဘုရားသခင့်ဝိညာဉ်တော်သည် သင်တို့အထဲမှာကျိန်းဝပ်တော်မူသည်ကိုငင်း မသိကြသလော (၁ ကောရိန္သု ၃:၁၆)။

အဆိုပါစကားလုံးများကို အသေအချာဆင်ခြင်ကြည့်ပါ။ "သင်တို့သည် ဘုရားသခင့် ဗိမ္မာန်တော်" ဖြစ်ကြသည်ဟု သူပြောဆိုနေသည်။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ "ဘုရားသခင့် ဝိညာဉ်တော်သည် သင့်အထဲမှာကျိန်းဝပ်နေ၍ ဖြစ်သည်" ဘုရားသခင့် ဝိညာဉ်တော်သည် ဘုရားမဟုတ်ပါက ကျွန်ုပ်တို့အထဲ ကိုယ်တော်၏ ကျိန်းဝပ်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင့် ဗိမ္မာန်တော် မည်သို့ ဖြစ်စေပါမည်နည်း။ ဗိမ္မာန်တော်၏ သဘောအယူအဆအရ ဘုရားသခင်သည် သူ့ကိုယ်ပိုင်ဗိမ္မာန်တော်မှာသာ ကျိန်းဝပ်ရပါသည်။ ထို့ကြောင့် ဘုရားသခင့် ဝိညာဉ်တော်သည် ဘုရားမဟုတ်ပါက အခန်းငယ် ၁၆ ၌ "သင်တို့သည် ဘုရားသခင်၏ ဗိမ္မာန်တော်ဖြစ်ကြ၏။ ........ ဘုရားသခင့် ဝိညာဉ်တော်သည် သင်တို့အထဲမှာ ကျိန်းဝပ်၏" ဟု သူမည်သည့်အခါတွင်မျှ ပြောနိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင့်ဝိညာဉ်တော်ကို ဘုရားသခင်နှင့်တန်းတူ သူထားရှိသည်။ ဝိညာဉ်တော်သည် ဘုရားဖြစ်သောကြောင့် ကျွန်ုပ်တို့အတွင်း ကျိန်းဝပ်နေသော သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဗိမ္မာန်တော် အဖြစ်ရောက်ရှိစေသည်။ ပြောလိုသည့်အချက်မှာ အလွန်ပင် ရှင်းပါသည်။

## မေးခွန်း ၈

## သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်များသည် သူ၏ ဘုရားဖြစ်ခြင်းကို မည်သို့ထုတ်ပြပါသနည်း။

ခမည်းတော်နှင့် သားတော်တို့ ဘုရားဖြစ်တော်မူသည့်သဘောအတိုင်း သန့်ရှင်းသောဝိညာဉ်တော်သည်လည်း ဘုရားဖြစ်တော်မူပါသည်။ သုံးပါးရှိသမျှသည် ဖန်ဆင်းခံများမဟုတ်ကြဘဲ တန်ခိုး၊ ဘုန်းတော်၊ ထာဝရတည်မှု၊ ပုဂ္ဂိုလ်သဘာဝနှင့် အခြားသော ဂုဏ်အရည်အချင်းရှိသမျှတို့၌ တန်းတူညီမျှတော်မူပါသည်။ ဤသမ္မာတရားအား ကျမ်းစာအတွင်း ကိုယ်တော်ပြုသည့် အရာများအားဖြင့် ပိုမိုရှင်းလင်းစွာပင် မြင်နိုင်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်များသည် သူ၏ ဘုရားဖြစ်ခြင်းကို မည်သို့ထုတ်ပြပါသနည်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## ဒေါက်တာ မိုက် ဖာဘာရက်ဇ်

သမ္မာကျမ်းအစမှအဆုံးတိုင် ဝိညာဉ်တော်၏ အလုပ်များက သူ၏ ဘုရားဖြစ်ခြင်းကို ရှင်းလင်းစွာထင်ဟပ်ပြနေသည်။ ကိုယ်တော်သည် စင်စစ် ဘုရားသခင်နှင့် တန်းတူညီမျှကြောင်း၊ ပူးတွဲတန်းတူညီမျှကြောင်း သူ၏ ဘုရားဖြစ်ခြင်းကို ရှင်းလင်းစွာ ထင်ဟပ်ဖော်ပြနေသည်။ ကိုယ်တော်သည် ဖန်ဆင်းခြင်း၌ ပါဝင်အကျိုးဆောင်သူဖြစ်ကြောင်း အစအဦးမှာပင် ကျွန်ုပ်တို့ တွေ့ရသည်။ ဖန်ဆင်းသူအဖြစ် ခရစ်တော်ကို များစွာအလားတူဖော်ပြသလို ကျမ်းဒုတိယအပိုဒ်မှာလည်း ဝိညာဉ်တော်ကို ဖော်ပြထားသည်။ ကိုယ်တော်သည် အမှန်စင်စစ် လူတို့အားအသက်ကိုပေးသူဖြစ်ကြောင်း ယောဘဝတ္ထုထဲမှာ အကျယ်ရှင်းလင်းထားသည်။ ကောင်းပါပြီ။ ဖန်ဆင်းရှင်တစ်ပါးတည်းသာ ရှိပါသည်။ ထိုဖန်ဆင်းရှင်သည် ပုဂ္ဂိုလ်သုံးပါးအဖြစ်၌ တည်နေပြီး တစ်ဆူတည်းဘုရား၏ ထိုပုဂ္ဂိုလ်သုံးပါး ရှိသမျှတို့အားလည်း ဖန်ဆင်းခြင်းတွင် ပူးပေါင်းလုပ်ဆောင်သူများအဖြစ် ဖော်ပြထားသည်။ ထိုအချက်မှာ လျှို့ဝှက်နက်နဲသော်လည်း ဘုရားဖြစ်တော်မူခြင်းသည် ရှင်းလင်းစွာ ပါရှိနေသည်။ ၂ပေ ၁း၂၁ မှာ ပြောသလို သမ္မာကျမ်းရေးရာတွင် ကြီးကြပ်ကြည့်ရှုသူအဖြစ် ဖော်ပြခံရသောသူဖြစ်သောကြောင့် ကိုယ်တော်သည် အလုံးစုံ ပြည့်စုံခြင်းသို့ရောက်သည့်တိုင်အောင် ဗိန္ဒု တစ်လုံးမျှမပျောက်ပျက်ရဟု ဖော်ပြသည့် ပြီးပြည့်စုံသောစာအုပ်ကို ရေးသားရန် စာရေးသူတို့ကို တိုက်တွန်းတော်မူသော သူဖြစ်သည်။ ဘုရားသခင် တစ်ပါးတည်းသာလျှင် ထိုသို့လုပ်နိုင်ပါသည်။ ဟေရှာယကျမ်းထဲတွင် အဆုံးကို အစကပင်ကြိုသိမြင်နိုင်ပြီး မှတ်သား၍ သူ၏ ပရောဖက်တို့ကို ဖော်ပြတော်မူသော ဘုရားသခင်အကြောင်းပြောထားသည်။ ကောင်းပါပြီ။ ဘုရားသခင့် ဝိညာဉ်တော်သည် ထိုအတွက် အကျိုးဆောင်ပေးသူဖြစ်သည်။ ၎င်းသည် ဘုရားဖြစ်၍ ပြုမူခြင်းဖြစ်ကြောင်း ရှင်းပါသည်။ ၎င်းကိုဖော်ပြသည့် အရာများစွာ ကျမ်းစာထဲမှာရှိနေသည်။ သို့သော် ဝိညာဉ်တော်သည် ဘုရားဖြစ်တော်မူကြောင်း သေချာပေါက် ထင်ရှားပြသည့် နည်းလမ်းနှစ်ခုမှာ ဖန်ဆင်းခြင်းနှင့် ကျမ်းစာပေါ်ထွန်းလာအောင် ကြီးကြပ်ကြည့်ရှုပေးမှုတို့ဖြစ်ကြသည်။

## ဒေါက်တာ ကိသ်ဂျွန်ဆင်

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားဖြစ်ကြောင်း ထုတ်ပြသည့် သီးသန့်အမှုများရှိပါသည်။ အတိုချုပ်၍ လေးခုကို ဖော်ပြပါမည်။ ပထမအားဖြင့်

ယောဟန် ၁၆ တွင် ဝိညာဉ်တော်သည် တရားစီရင်ကြောင်း ကျွန်ုပ်တို့အားပြောပါသည်။ သို့တစေ တရားစီရင်ခြင်းသည် ဘုရားသခင်သာ လုပ်ပိုင်သည့် အခွင့်အာဏာဖြစ်ကြောင်း ကျွန်ုပ်တို့ သိကြသည်။ ဒုတိယအားဖြင့် ဆာလံ ၃၃း၆ တွင် ဝိညာဉ်တော်သည် ဖန်ဆင်းခြင်းအမှု၌ ပါဝင်ပတ်သက်ကြောင်း ကျွန်ုပ်တို့မှတ်သားရသည်။ သို့တစေ ဖန်ဆင်းခြင်းအမှုသည်လည်း ဘုရားသခင်သာလျှင် စွမ်းနိုင်သည့် အရာဖြစ်သည်။ ယောဟန် ၃ တွင် ဝိညာဉ်တော်သည် အသစ်ပြုပြင်ပေးကြောင်း၊ အသစ်မွေးဖွားပေးကြောင်း၊ တွေ့ရသည်။ ဤအရာသည်လည်း ဘုရားသခင်သာပြုပိုင်သည့်အရာဖြစ်သည်။ အဆုံးသတ်အားဖြင့် ၂တိ၃း၁၆ အရ ဝိညာဉ်တော်သည် ကျမ်းစာကိုမှုတ်သွင်းကြောင်း သိရသည်။ သို့တစေ ဘုရားသခင်တစ်ပါးတည်းသာလျှင် ကျွန်ုပ်တို့အား မိမိအကြောင်း ဖွင့်ပြနိုင်သည်။ အဆိုပါအချက်အားလုံးတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဖြစ်တော်မူခြင်းကို တညီတညွတ် ပြည့်ွှန်နေကြသည်။

## ဒေါက်တာ အူချေးအနီဇော

သန့်ရှင်းသော ဝိညာဉ်တော်မည်သူဖြစ်ကြောင်း ကျွန်ုပ်တို့အခြေခံကျကျနားလည်စေသည့်နည်းမှာ ကိုယ်တော်၏ အမှုတော်များပင်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားဖြစ်ခြင်းနှင့်စပ်လျဉ်းပြီး အစောပိုင်းအသင်းတော်ကာလ အဓိကငြင်းခုံချက်တစ်ခုမှာ ဘုရားသခင်သာလျှင်ပြုပိုင်သည့်အမှုများကို ဝိညာဉ်တော်က ပြုတော်မူကြောင်း၊ ထိုသို့ ဘုရားသာပြုပိုင်သည့်အမှုကို ဝိညာဉ်တော်ကပြုသည်မှန်လျှင် အကျိုးဆက်အရ ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်တော်မူကြောင်း မှတ်ယူနိုင်ပေသည်။ ထို့ကြောင့် သာဓကဆိုရလျှင် ဓမ္မသစ်မှ ရောမ ၈ ကို ကျွန်ုပ်တို့ဖတ်သည့်အခါ "ခရစ်တော်ကိုသေသောသူတို့ထဲမှ ထမြောက်စေသော ဝိညာဉ်တော်" သည် ငါတို့အထဲမှာကျိန်းဝပ်တော်မူလျှင် ထိုအလားတူ ဝိညာဉ်တော်သည် ငါတို့၏ သေတတ်သောခန္ဓာကိုယ်ကိုလည်း "အသက်ရှင်စေတော်မူလိမ့်မည်" ဟု တွေ့ရသည်။ သို့ဖြစ်ပါက ဤနေရာမှကျွန်ုပ်တို့နားလည်ရသည်မှာ ဝိညာဉ်တော်သည် ရှင်ပြန်ထမြောက်ခြင်းကိုဖြစ်စေသူ၊ အသက်သစ်ကို ပေးသူပင် ဖြစ်သည်။ အသက်သစ်ကို ပေးသောသူသည် အဘယ်သူဖြစ်ပါသနည်း။ အသက်ကို လုံးလုံးပေးသူသည် မည်သူဖြစ်ပါသနည်း။ ဘုရားသခင်ကိုယ်တော်တိုင်ပေတည်း။ သို့ဖြစ်ပါလျှင် ဝိညာဉ်တော်သည် အသက်ကိုပေးသူ၊ တန်ခိုးကြီးသောဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်း

> ရှင်ပေါလုက သွယ်ဝိုက်ပြောဆိုနေခြင်းပင် ဖြစ်တော့သည်။ ထို့ပြင် ဝိညာဉ်တော်သည် သန့်ရှင်းမှုကိုပေးသောသူဖြစ်ကြောင်းကိုလည်း ဓမ္မသစ်တလျှောက် ကျွန်ုပ်တို့ ဖတ်ရသည်။ ဓမ္မဟောင်းကို သင်တို့ဖတ်ရှုသည့်အခါ "ဘုရားသခင့်လူတို့အား မည်သူသန့်ရှင်းစေပါသနည်း" ဆိုသည့် မေးခွန်းမျိုး သင့်ကိုယ်သင် မေးသည်ဆိုပါစို့။ အဖြေကရှင်းပါသည်။ သူ့လူများကို သန့်ရှင်းစေသူသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ သို့ဖြစ်၍ ဓမ္မသစ်၌ သန့်ရှင်းစေခြင်းအမှုကို ဝိညာဉ်တော်နှင့် ရှင်းရှင်းချိတ်ဆက်ထားသည့်အခါ ဝိညာဉ်တော်သည် ယာဝေး ဘုရားသခင်ကိုယ်တိုင်ဖြစ်ကြောင်း၊ ဓမ္မဟောင်းမှာသင်တွေ့ရသည့် ဘုရားကိုယ်တိုင်ပင် ဖြစ်ကြောင်း ဓမ္မသစ်က ပြောနေခြင်းဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သုံးပါးတစ်ဆူ၏ ပုဂ္ဂိုလ်ဘုရားဖြစ်ကြောင်း ကျမ်းစာကရှင်းရှင်းသွန်သင်နေသော်လည်း ခရစ်ယာန်များကြားမှာပင် ဝိညာဉ်တော်ကို ပုဂ္ဂိုလ်မဆန်သောအသုံးအနှုန်းများဖြင့် ရည်ညွှန်းနေကြသည်မှာ ထုံးစံလိုဖြစ်နေသည်။ ယနေ့ အချို့ခရစ်ယာန်တို့က ကိုယ်တော်အား "သူ" ဆိုသည့် ပုဂ္ဂိုလ်ဘုရား အဖြစ်ထက် "၎င်း" ဆိုသည့် ပုဂ္ဂိုလ်မဟုတ်သောစွမ်းအင်တစ်ရပ်ကို ညွှန်းပုံမျိုးနှင့် ညွှန်းနေကြသည်။ သို့သော် ကျမ်းစာကို ကျွန်ုပ်တို့စေ့စေ့ကြည့်ပါက ဝိညာဉ်တော်သည် ပုဂ္ဂိုလ်မဆန်သော စွမ်းအင်တစ်ရပ်အဖြစ်သာမက ပုဂ္ဂိုလ်ဘုရားစင်စစ် ဖြစ်ကြောင်း တွေ့နိုင်ပေသည်။ ၁ ကောရိန္သု ၂း၁၀-၁၁:၃ ၌ ပါသော ပေါလု၏ စကားများကို အသေးစိတ် ကြည့်ရှုကြပါစို့-

> ဝိညာဉ်တော်သည် ဘုရားသခင့်နက်နဲရာများသို့တိုင် အရာရာကို စစ်တော်မူ၏။ အကြောင်းမူကား လူ၌ရှိသော လူ့စိတ်ဝိညာဉ်မှတပါး ထိုလူ၏ စိတ်ကို အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှ တပါးအဘယ်သူမျှမသိ (၁ ကောရိန္သု ၂:၁၀-၁၁)။

ဤနေရာတွင် ဘုရားသခင့် ဝိညာဉ်တော်သည် ဘုရားသခင့်နက်နဲရာတို့ကို စစ်ဆေး၍ ကိုယ်တော်၏ စိတ်ကို သိတော်မူကြောင်း သတိပြုမိရန်လိုပါသည်။ အဆိုပါအရာတို့သည် ပုဂ္ဂိုလ်မဆန်သော စွမ်းအားတစ်ခုထက်မက အလိုဆန္ဒကိုဖော်ပြနိုင်စွမ်းသော ပုဂ္ဂိုလ်တစ်ပါး၏ ပြုမူဆောင်ရွက်ချက်များ ဖြစ်ကြသည်။ ဆာလံ ၁၃၉း၁ မှာလည်း ကျွန်ုပ်တို့ အလားတူတွေ့ရသည်။

# မေးခွန်း ကိုး

## သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်သဘာဝကို ကျမ်းစာအားဖြင့် ကျွန်ုပ်တို့ မည်သို့ပြနိုင်ပါသနည်း။

စစ်ဆေးခြင်း၊ သိက္ခာမဲ့ခြင်းဆိုသည်မှာ မိမိကိုယ်မိမိသိတတ်သောအခြားပုဂ္ဂိုလ်များနှင့် မေတ္တာဆက်နွယ်မှုရှိပြီး မတူခြားနားသည့် မိမိကိုယ်မိမိသိသူပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။ ဘုရားသခင့်ဝိညာဉ်တော်သည် ဘုရားသခင့် ပုဂ္ဂိုလ်တော်နှင့်မတူကွဲပြားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဤအရာက မဖြစ်မနေကောက်ချက်ပေးနေသည်။ ဘုရားသခင့် ဝိညာဉ်တော်သည် ဘုရားသခင်၏ ပုဂ္ဂိုလ်ရေးမဆန်သော တန်ခိုးတစ်ခု သို့မဟုတ် တက်ကြွလှုပ်ရှားနေသည့် အားအင်တစ်ခုမျှသာဖြစ်ပါက "စစ်ဆေးခြင်း" နှင့် "သိက္ခာမဲ့ခြင်း" အမှုများကို ပြုနိုင်လိမ့်မည်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ပုဂ္ဂိုလ်သဘာဝကို ကျမ်းစာအားဖြင့် ကျွန်ုပ်တို့ မည်သို့ပြနိုင်ပါသနည်း။

### ဒေါက်တာ ခရိတ် အက်စ်ကင်းနား

ဘုရားသခင့်ဝိညာဉ်တော်အကြောင်းပြောဆိုသည့်ကျမ်းပိုဒ်တိုင်းသည် ဝိညာဉ်တော်အား မတူခြားနားသည့် ပုဂ္ဂိုလ်ဟု မခွဲခြားပြထားပါ။ သို့သော် သုံးပါးတစ်ဆူ ကျမ်းပိုဒ်များ သင့်မှာရှင်းလင်းစွာ ရှိနေပါသည်။ သာဓကပြရလျှင် "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌ ဗတ္တိဇံကိုပေးကြလော့" ဟူသော ရှင်မဿဲ ၂၈ ဖြစ်သည်။ ထို့နောက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုဖော်ပြရာ ၂ကော ၁၃ မှစသော အခြားကျမ်းပိုဒ်များလည်း ရှိပါသေးသည်။ ထို့ပြင် ယောဟန် ၁၄-၁၆ တွင်လည်း ပုဂ္ဂိုလ်တစ်ပါးသာပြုနိုင်သည့် အရာများကို ဝိညာဉ်တော်က ပြုနေကြောင်း ကျွန်ုပ်တို့ ဖတ်ရသည်။ သာဓကဆိုရလျှင် ယေရှုက သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော သူနှင့်တူသောကူညီမစသူတစ်ဦးကို စေလွှတ်မည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုပြုခဲ့သည့်နည်းတူ အပြစ်၊ ဖြောင့်မတ်ခြင်းနှင့် တရားစီရင်ခြင်းတို့နှင့် စပ်လျဉ်းပြီး ဆက်လက်အမှုဆောင်ရွက်မည်ဖြစ်ကြောင်း ပြောဆိုသည်။ ကျွန်ုပ်တို့သည် သက်သေခံများဖြစ်သည့်နည်းတူ ဝိညာဉ်တော်သည်လည်း သက်သေခံတစ်ပါး ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်တော်အား ကျမ်းပိုဒ်များစွာထဲတွင် မတူကွဲပြားသောပုဂ္ဂိုလ်တစ်ပါးအဖြစ် ခွဲခြားပြထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## သိက္ခာတော်ရ မိုက် အော့စဘွန်း

သန့်ရှင်းသောဝိညာဉ်တော်၌ ပုဂ္ဂိုလ်သဘာဝရှိကြောင်း ကျမ်းစာမှထုတ်ပြနိုင်သည့် နည်းများစွာကို ကျွန်ုပ်တွေး၍ ရပါသည်။ သမ္မာကျမ်းစာသည် သန့်ရှင်းသောဝိညာဉ်တော်အား ပုဂ္ဂိုလ်ရေးအသုံးအနှုန်းများဖြင့် အထပ်ထပ် ရည်ညွှန်းထားသည်။ ပမာအားဖြင့် ပုဂ္ဂိုလ်ဖြစ်ရန် သင့်မှာခန္ဓာရှိဖို့ မလိုပါ။ သင့်မှာ ပုဂ္ဂိုလ်ရေးအရည်အချင်းများ၊ ဂုဏ်သြပ်များစသည်တို့ ရှိခြင်းကို ဆိုလိုပါသည်။ သာဓကအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကို စစ်ဆေးကြောင်း သမ္မာကျမ်းစာက ရှင်းလင်းစွာ ပြောဆိုသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုကျေးဇူးများကို ပေးကမ်းသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုံးမသွန်သင်သည်။ ကျွန်ုပ်ဆိုလိုသည်မှာ ယောဟန် ခရစ်ဝင်ကျမ်းကို အကြိမ်ကြိမ် တောက်လျှောက်ဖတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်သည့်အရာကို ယေရှုပြောဆိုနေသည်။ သူဆုံးမသွန်သင်လျက်ရှိနေသည်။ သမ္မာတရားကို သူဖွင့်ပြနေသည်။ သူ လမ်းပြပဲ့ပြင်နေသည်။ သူ သက်သာမှုပေးနေသည်။ သူ ဦးဆောင်နေသည်။ အဆိုပါအရာရှိသမျှတို့သည် ပုဂ္ဂိုလ်တို့သာ ပြုသည့်အရာများ ဖြစ်ကြောင်း သင်သိပါသည်။ ထပ်၍ ဆိုရလျှင် နောက်ပိုင်းဓမ္မသစ်ထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၌ စိတ်ခံစားချက်ရှိကြောင်း တမန်တော်တို့ သွန်သင်ထားသည်။ ဝိညာဉ်တော်သည် စိတ်နာတတ်ကြောင်း ဧဖက်သြဝါဒစာ၌ ပေါလုပြောဆိုသည်။ ၁သက်သာလောနိတ်တွင်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ အရှိန်ကို မငြိမ်းစေကြနှင့်၊ သို့မဟုတ် မီးကို မသေစေကြနှင့်ဟု သူပြောဆိုထားသည်။ ထို့ကြောင့် အဆိုပါအရာရှိသမျှတို့သည် ပုဂ္ဂိုလ်များသာလုပ်နိုင်သည့် အရာများ ဖြစ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စွမ်းအားတစ်ရပ် မဟုတ်ပါ။ ကိုယ်တော်သည် "၎င်း" တစ်ခု မဟုတ်ပါ။ ကိုယ်တော်သည် "သူ" တစ်ဦး ဖြစ်ပါသည်။

## ဒေါက်တာ ပီတာဝေါ့လ်ကာ

အချိန်အခါ အချို့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် စွမ်းအားတစ်ခုနှင့် အလားတူကြောင်း ဓမ္မသစ်က ပြောဆိုသည်မှာ မှန်ပါသည်။ တမန်တော် ၂ တွင် လေပြင်းမုန်တိုင်းကဲ့သို့ ဟု ဆိုထားသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် စွမ်းအားတစ်ခုထက် ပိုပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကြောင့် စိတ်နာနိုင်ကြောင်း တစ်ချိန်တစ်ခါမှာ ပေါလု ဖော်ပြသည်။ ပုဂ္ဂိုလ်ဖြစ်သောသူကိုသာ

သင်စိတ်နာအောင်လုပ်နိုင်သည်။ ထို့ပြင် ယောဟန် ၁၄ ပါ ယေရှုပြောဆိုချက်က နောက်ထပ် ကူညီမစမည့်သူကို စေလွှတ်မည်ဖြစ်ကြောင်း၊ ယေရှုကဲ့သို့သော နောက်တစ်ပါး ဖြစ်ပြီး ယေရှုအကြောင်း သက်သေခံမည့်သူဖြစ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။ ထို့ပြင် ထိုနေရာရှိ ယေရှု၏ အသုံးအနှုန်းမှာ ယေရှုလို ပုဂ္ဂိုလ်တစ်ပါးအကြောင်းကို ဖော်ပြရာတွင် အတော်ကလေး ရှင်းလင်းမှုရှိပါသည်။ ဓမ္မသစ်တွင် သန့်ရှင်းသောဝိညာဉ်တော်အား ပုဂ္ဂိုလ်မဟုတ်သော စွမ်းအားတစ်ခုမျှသာမဟုတ်၊ ပုဂ္ဂိုလ်ဆိုင်ရာအသုံးအနှုန်းများဖြင့် ဖော်ပြထားသည်။ ကျန်အသင်းတော်များသည်လည်း အဆိုပါသက်သေခံချက်၌ စုစည်းညီညွတ်လျက် ထိုအချက်သည် မိမိတို့၏ယုံကြည်ချက်လည်းဖြစ်ကြောင်း ပြောဆိုသက်သေခံကြသည်။ နောက်ပိုင်းသွန်သင်ချက်၌ ရှင်းလင်းဖော်ပြချက်တစ်ခုအနေနှင့် ဤအကြောင်း အမှန်တကယ်အခြေအတင်မဖြစ်မီ နှစ်ပေါင်း သုံးရာကျော်လေးရာခန့် အချိန်ကြာခဲ့သည်မှန်သော်လည်း ဆီဆရီးယားမြို့သား ဘာဆစ်လ်မှ လေးရာစု၌ ဆွေးနွေးသည့်အခါ ဩဝါဒအသစ်တစ်ခုကို သူရှင်းလင်းဖော်ပြခြင်းမဟုတ်ဘဲ နှစ်ပေါင်းသုံးရာ လူတို့ယုံကြည်ခဲ့ပြီးသားအရာကိုသာ ဆွေးနွေးပွဲသို့ ယူလာခြင်းဖြစ်သည်။

# နိဂုံးချုပ်

သုံးပါးတစ်ဆူ ညီညွတ်မှုအကြောင်း ဤသင်ခန်းစာထဲတွင် တစ်ဆူတည်းသောဘုရားသည် ဖန်ဆင်းခံမဟုတ်သော ပုဂ္ဂိုလ်သုံးပါးအဖြစ် မိမိကိုယ်ကို ဖော်ပြကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သည်။ ကျမ်းစာတလျှောက် ခမည်းတော်သည် ဘုရားဇာတိအပြည့်ရှိသည်။ သားတော်သည် ဘုရားဇာတိအပြည့်ရှိကြောင်း ဓမ္မသစ်၌ ရှင်းလင်းနေပြီး ဝိညာဉ်တော်သည်လည်း ခမည်းတော်နှင့် သားတော်နည်းတူ ဘုရားဇာတိအပြည့်ရှိနေသည်။

ဘုရားသခင်၏ ထူးခြားသော သုံးပါးတစ်ဆူသဘာဝဖော်ပြချက်နှင့် ကျမ်းစာကိုအစမပြုထားသော်ငြား ပုဂ္ဂိုလ်ဘုရားသုံးပါးအဖြစ်၌ တစ်ခုတည်းညီညွတ်နေသည့် ဇာတိအနှစ်သာရအဖြစ် ကျမ်းစာက ဘုရားသခင်အား ဖော်ပြဆဲဖြစ်သည်။ အဆိုပါပုဂ္ဂိုလ်တစ်ပါးချင်းစီသည်လည်း ဘုရားဇာတိအပြည့်အဝရှိကြသည်။ ဤအရာတွင် အမှန်တကယ်ဘာကိုဆိုလိုကြောင်း သိနားလည်ရန် ကျွန်ုပ်တို့အတွက် ခက်ခဲပါလိမ့်မည်။ အမှန်စင်စစ် သုံးပါးတစ်ဆူသဘာဝကို ကျွန်ုပ်တို့ မည်သည့်အခါမျှ အပြည့်အဝနားလည်မည်မဟုတ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သုံးပါးတစ်ဆူသည် ဉာဏ်နှင့် တစ်စိတ်တစ်ပိုင်း နားလည်နိုင်ဖွယ်ရှိသော်လည်း တစ်စိတ်တစ်ပိုင်းမှာ လျှို့ဝှက်နက်နဲကြောင်း ကျမ်းစာကိုယ်တိုင်က မဖြစ်မနေကောက်ချက်ဆွဲနေသည်။ သို့သော် ကျမ်းစာကိုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့၏ သုံးပါးတစ်ဆူဘုရားသခင်အကြောင်း ပိုမိုနားလည်စ ပြုလာနိုင်ပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်တို့၏ ညီညွတ်မှု၌ ကျွန်ုပ်တို့ ဝမ်းမြောက်မှုလည်းရှိနိုင်ကြပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။